လှမစာပေတိုက်



ပုဏ္ဏာဝတီ

# တူဝေနှင်း

မင်္ဂလာရွှေပြည် သီချင်းသည်

ကဗျာများ

# မင်္ဂလာရွှေဖြည် သီချင်းသည်

ကဗျာများ

※

ပုဏ္ဏဝတီ တင့်နှောင်း

'ပဋ္ဌဂုဏ်ံ အဟံဝန္ဒာမိ သဗ္ဗဒါ'

ကျေးဇူးရှင် မိဘနှစ်ပါးနှင့်တကွ
ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာများအား
ဤ 'မင်္ဂလာရွှေပြည် သီချင်းသည်' ကဗျာစာအုပ်ဖြင့်
ဦးခိုက် ကန်တော့အပ်ပါသည်။

* * *

ကဗျာရေးသူ၏ အသက် ၅၀-ရွှေရတုနှင့် ၁၉၉၆-ခုနှစ်၊
ခရီးသွားနှစ်သို့ ရည်ညွှန်းလျက်....။

ပုဏ္ဏဝတီတင့်နှောင်း

| | |
|---|---|
| စာမူခွင့်ပြုချက် | ၂၆/၉၅ (၁၀) |
| မျက်နှာဖုံးခွင့်ပြုချက် | ၂၇/၉၅ (၁၁) |
| အကြိမ် | ပထမ |
| ခုနှစ် | ၁၉၉၅၊ ဒီဇင်ဘာ။ |
| အုပ်ရေ | ၁၀၀၀ |
| ပန်းချီ | အေးစန်း၊ ဝင်းသိန်း |
| အတွင်းပုံနှိပ်သူ | ဦးဆန်နီ<br>တင်ဝင်း ပုံနှိပ်တိုက်၊<br>၄၈၇၊ ပြည်လမ်း၊<br>ကမာရွတ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးမြသန်း<br>အသိုင်းအဝိုင်းစာပေ၊<br>၃၅၊ သမာဓိလမ်း၊ ဇွဲစုံရပ်၊<br>ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်။ |
| အဖုံးပုံနှိပ်သူ | ဦးဝင်းအောင်<br>သန်းထိုက်ရတနာပုံနှိပ်တိုက်၊<br>၈၄-၈၆၊ လမ်း-၅၀၊<br>ပုဇွန်တောင်၊ ရန်ကုန်။ |

# မာတိကာ


မင်္ဂလာရှိသောအမှာ — မုံရွာ ဝင်းဖေ
မမှာချင်သောအမှာ — တက်လူ — ၁
ကျွန်တော်ပြောပါရစေ — ၇
၁။ ယုံကြည်ရေး ဒေသနာ — ၁၁
၂။ မင်္ဂလာရွှေပြည် — ၁၂
၃။ ချမ်းသာစစ် — ၁၄
၄။ ကြည်ညိုစိတ်မှာ အမေကဗျာ — ၁၅
၅။ မညှိုးပန်းတစ်ပွင့် — ၁၉
၆။ မြတ်ဆရာ — ၂၀
၇။ ဖိတ်ခေါ်ပါသည် — ၂၁
၈။ မြန်မာ — ၂၃
၉။ နှလုံးသွေးဖြင့်ရင်းပါသည် — ၂၅
၁၀။ ပြည်သူ့သားကောင်း — ၂၇
၁၁။ ချစ်အမွေ — ၂၉
၁၂။ ဆရာမွန် — ၃၀
၁၃။ အမွေ — ၃၂
၁၄။ အလှပိုင်ရှင်တွေပါ — ၃၄
၁၅။ စာတည်းမွန် — ၃၆
၁၆။ ထာဝရအပြုံး — ၃၇
၁၇။ မေတ္တာအလင်းတန်းကလေး — ၃၈

## မာတိကာ


| | | |
|---|---|---|
| ၁၈။ | ပြည်သူ့မိုးသို့ | ၃၆ |
| ၁၉။ | ကောက်သိမ်းချိန် | ၄၀ |
| ၂၀။ | အနုပညာ | ၄၂ |
| ၂၁။ | ရသရေစီးကြောင်း | ၄၃ |
| ၂၂။ | တာဝန်ကိုယ်စီ ရှိကြသည် | ၄၄ |
| ၂၃။ | ကဗျာသမား | ၄၅ |
| ၂၄။ | စုစည်းခြင်းအဖွင့် | ၄၆ |
| ၂၅။ | အသက် | ၄၈ |
| ၂၆။ | အလှဆင်ချိန် | ၅၀ |
| ၂၇။ | ပန်းကလေးနှင့်ငါ | ၅၂ |
| ၂၈။ | ပြုံးပြသူသို့ | ၅၄ |
| ၂၉။ | မြန်မာ့သမီး | ၅၅ |
| ၃၀။ | ယနေ့မြန်မာပြည် | ၅၆ |
| ၃၁။ | ကွန်း | ၅၈ |
| ၃၂။ | အေးရိပ်နှင့်ကျွန်တော် | ၅၉ |
| ၃၃။ | ဤအလှနှင့် ပတ်သက်၍ | ၆၀ |
| ၃၄။ | နှမ်းနုတ်ချိန် | ၆၃ |
| ၃၅။ | ဂျာအေးသူ့အမေရိုက် | ၆၆ |
| ၃၆။ | လူ့ဘဝအဓိပ္ပာယ် | ၆၇ |
| ၃၇။ | လမ်းပေါ်မှ လမ်းပျောက်နေသူများ | ၆၉ |
| ၃၈။ | ငါနှင့်ငါ့ပန်းပင်အကြောင်း | ၇၀ |
| ၃၉။ | အမြွတ် | ၇၂ |
| ၄၀။ | တို့အမေ့စစ်မို့ ချစ်မြတ်နိုးမလေ | ၇၄ |

မာတိကာ

၄၁။ ပန်းတိုင် မပျောက်ပါ ၇၆
၄၂။ မိဘမေတ္တာ ၇၇
၄၃။ လက်ကျန်ဘဝ ၇၈
၄၄။ နှင်းမှုန်ကြားမှာ ၈၀
၄၅။ လူအကြောင်း ၈၁
၄၆။ ငါးရက်ဈေး ၈၂
၄၇။ ရွှလှည့်ပါ မြန်မာ့အလှ ၈၄
၄၈။ အတိတ် ပစ္စုပ္ပန် အနာဂတ် ၈၇
၄၉။ လွမ်းအား မပိုနိုင်သူများ ၉၀
၅၀။ ရတနာ ၉၂
၅၁။ အမိရွာကို တို့ချစ်သည် ၉၄
၅၂။ ရတနာကဗျာစု ၉၆
၅၃။ အမုန်းခံဘဝ ၉၈
၅၄။ အို....အသင် ၉၉
၅၅။ အနုပညာစွမ်းရည် ၁၀၀
၅၆။ ပင်လုံစိတ်နှင့် တို့ပြည်သူ ၁၀၁
၅၇။ အချိန် ၁၀၃
၅၈။ ပြည်သူထဲသို့ လှမ်းဝင်ခြင်း ၁၀၄
၅၉။ အားဆေး ၁၀၆
၆၀။ ဒုက္ခသိမှ သုခရ ၁၀၇
၆၁။ မဟာရန်သူ ၁၀၉
၆၂။ အဆိပ် ၁၁၁
၆၃။ တေးဆိုနေသော ရွာကလေး ၁၁၂

## မာတိကာ


၆၄။ ဦးနှောက်မဲ့လူသား ၁၁၄
၆၅။ လှပသောအကျည်းတန်သူ ၁၁၅
၆၆။ အားကစားမှသည် ၁၁၆
၆၇။ အချစ်ဆိုသော ထိုအရာ ၁၁၈
၆၈။ မကျန်ရစ်လိုသော ခြေရာလေးများ ၁၁၉
၆၉။ အချစ်ကို ကိုးကွယ်ခြင်း ၁၂၁
၇၀။ တိုက်ပွဲ ၁၂၂
၇၁။ ပင်ကို ၁၂၃
၇၂။ မြန်မာ့မဂ်လာဆိုင်းမဟာ ၁၂၅
၇၃။ မေတ္တာရေဆန်ခက်သူ ၁၂၇
၇၄။ အညာကျေးလက်နှစ်ကူးပွဲ ၁၂၈
၇၅။ တောလှန်ခြင်း ရသ ၁၂၉
၇၆။ အို....လူသား ၁၃၁
၇၇။ မနောတစ်ချို ၁၃၂
၇၈။ ပန်းတိုင်အတွက် ၁၃၃
၇၉။ အေအိုင်ဒီအက်စ်(သို့)စီးပွားရေးရောဂါ ၁၃၄
၈၀။ ခွင့်လွှတ်တတ်သော အမေသို့ ၁၃၆
၈၁။ ပြည်ထောင်စုတည်တံ့ခိုင်မြဲအောင် တို့စွမ်းဆောင် (ကဗျာရှည်) ၁၃၈

ငါ့ကဗျာသည်
ဘာသာလူမျိုး၊ ပြည်ရွာကျိုးကို
မြတ်နိုးတတ်ခြင်း၊ ဖွံ့စေခြင်းတည့်
ရင်တွင်းပြည့်ဝ၊ ထိုအလှဖြင့်
ဘဝခုံမင်၊ နှစ်သက်ရှင်ခဲ့။

ပုဏ္ဏဝတီတင့်နှောင်း

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၁၆ | ၉ | မိခင်ဖြစ်ထွေ | မိခင့်ဖြစ်ထွေ |
| ၂၆ | ၂ | ရင်သည်းခံစား | ရင့်သည်းခံစား |
| ၂၇ | ၃ | ပြည်တော်ထွက် အမှုထမ်း | ပြည်တော်တွက် အမှုထမ်း |
| ၃၉ | ၁၁ | မြထည် စပ်လျက် | မြထည် ဆင်လျက် |
| ၄၂ | ၇ | စျာန်ဝင် စားလို | စျာန်ဝင် စားကာ |
| ၄၄ | ၉ | ပွင့်လာ လန်းကာ | ပွင့်ကာ လန်းကာ |
| ၆၄ | ၇ | ယာခင်းရှင် အောင်နှိုးဆော် | ယာခင်းရှင်က နှိုးဆော် |
| ၈၆ | ၁၀ | အကြင်နှာ စေတနာမိုးရယ်နဲ့ | အကြင်နှာ စေတနာမိုးရယ်တို့ |
| ၁၄၄ | ၁၂ | နိုဝ်င်ဖွဲ့စည်၊ | နိုင်ငံဖွဲ့စည် |
| ၁၃၂ | (ခေါင်းစဉ်) | မနောတစ်ချို၊ | မနောတစ်ချို |

....o....

# မင်းလာရှိသောအမှာစာ

ကဗျာဆရာ ပုဏ္ဏဝတီတင်နွေဝင်းကို ကျွန်တော် သိကျွမ်းသည်မှာ ကြာခဲ့ပါပြီ၊ ၂၅-နှစ်ခန့် ရှိခဲ့ပြီ ထင်ပါသည်။

သူနှင့်ကျွန်တော် သိကျွမ်းစက သူသည် မြဝတီ၊ ငွေတာရီ၊ သွေးသောက် စသော မဂ္ဂဇင်းများတွင် ကဗျာများ ရေးနေပါသည်။ သူ၏ကဗျာများသည် မြန်မာကဗျာ ပီသပြီး စကားလုံးရွေးချယ်ပုံ၊ အကြောင်းအရာ ရှာဖွေပုံမှ အစ မြန်မာဆန်သည်ကို ကျွန်တော် သတိပြုမိပါသည်။ ထိုစဉ်ကာလက သူသည် ကဗျာရေးအား ကောင်းသူတစ်ဦး ဖြစ်ခဲ့ပါသည်။ သူ၏ ကဗျာများသည် မဂ္ဂဇင်းနှင့် ပြတ်သည်ဟူ၍ မရှိခဲ့ပါ။

ထိုစဉ်အခါက သူသည် အင်းစိန်မြို့နယ်တွင် နေထိုင်ခဲ့ပြီး ကျွန်တော်သည်လည်း အင်းစိန်မှာပင် နေထိုင်ခဲ့သဖြင့် လူချင်းလည်းမကြာခဏဆုံတွေ့မိကြပါသည်။ ၁၉၇၅-ခုနှစ်ဝန်းကျင်တွင်မူ သူသည် ကဗျာအရေး ကျဲလာပါသည်။ အရေးကျဲလာရာမှ အရေးပြတ်သွားခဲ့ပါသည်။ သူ၏ ကဗျာများကို ကျွန်တော် မတွေ့ရတော့ပါ။ သူ့ကိုလည်း မတွေ့ရတော့ပါ။

ယခုတစ်ခါ လွန်ခဲ့သောနှစ် ၁၉၉၄-ခုနှစ်က သူ ကျွန်တော့်ထံ ရောက်လာပါသည်။ ငုပ်ကောင်ဘဝမှ ပြန်ပေါ်လာခြင်းဖြစ်ပါသည်။ ရွှေပြည်သာမှာနေသည်ဟု ပြောပါသည်။ တင်မြင့် (ရွှေပြည်သာ) ကလောင်

အမည်ဖြင့် ဘာသာရေး ဆောင်းပါးတွေ ရေးနေကြောင်းသိရပါသည်။ သူ့နာမည်ရင်းက "တင်မြင့်" ဖေလကိုး။

သူသည် ပုဏ္ဏဝတီတင့်နှောင်းကို ပြန်လည် အသက်သွင်းနေသည်ဟု ဆိုပါသည်။ သူ့ကဗျာကို မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ပြန်တွေ့လာရသည်။ ကဗျာတွေ အားသွန်ရေးမည်ဟု သူက ဆိုသည်။ ပြိုင်ပွဲတွေဝင်မည်ဟုလည်း သူက အားခဲထားသည်။ ပြိုင်ပွဲတွေကလည်း များလာပါသည်။ စာပေဗိမာန်စာမူဆုပြိုင်ပွဲ၊ ပခုက္ကူဦးအုံးဖေ စာပေပြိုင်ပွဲ၊ တပ်မတော်နေ့အထိမ်းအမှတ် စာပေပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲ စသည်တို့ဖြစ်သည်။

ယနေ့သည် ကဗျာသမားတို့အတွက် ရွှေလမ်းငွေလမ်း ခင်းထားသော ကာလဖြစ်သည်။ ရေးနိုင်စွမ်းရှိလျှင်ရှိသလောက် ပြိုင်ပွဲများတွင် ဝင်နွှဲနိုင်သည်။ စာပေဗိမာန်နှင့် ပခုက္ကူဦးအုံးဖေဆုများ ရခဲ့ပါက ဆုငွေရရှိမည့်အပြင် မိမိ၏ကဗျာစုကိုလည်း လုံးချင်းစာအုပ်အဖြစ်ဖြင့် တစ်စုတစ်စည်းတည်း တွေ့ရမည်။ တကယ့်အခွင့်အရေးကြီးပင် ဖြစ်သည်။

လုပ်မယ့်လုပ်တော့လည်း ပုဏ္ဏဝတီတင့်နှောင်းက ခြေလှမ်းသွက်လှသည်။ 'မင်္ဂလာရွှေပြည်သီချင်းသည်' ကဗျာများအမည်ဖြင့် ကဗျာခေါင်းချုပ် လုံးချင်း

စာအုပ်ထုတ်မည်ဟုဆိုကာ ကဗျာစာမူများကို ကျွန်တော့်ထံ လာပေးပြီး အမှာစာရေးပေးရန် တာဝန်ပေးလာပါသည်။

"ပုဏ္ဏဝတီ တင့်နွေဝင်း" ၏ "မင်္ဂလာရွှေပြည် သီချင်းသည်ကဗျာများ" ကဗျာ ပေါင်း ချုပ် တွင် ကဗျာ(၈၁)ပုဒ် ပါရှိပါသည်။ လောကအလှ၊ ဘဝ အလှ၊ မေတ္တာဘွဲ့၊ သစ္စာဘွဲ့ ကဗျာများ ပါရှိသကဲ့သို့ အတွေးအမြင် ဒဿနကဗျာများလည်း ပါဝင်သည်ကို တွေ့ရပါသည်။ လင်္ကာ၊ လေးချိုး၊ ဒွေးချိုးဟူသော စပ် ထုံးစပ်နည်းများဖြင့်ဖွဲ့သီထားသည်ကိုတွေ့ရပါသည်။

မြန်မာတိုင်းရင်းသားတို့သည် 'မေတ္တာအလှပန်း ဆင်မြန်းကြ'လျက်၊ 'ကရုဏာမိုးသွန်းဖြိုး'ကြလျက်၊ 'အကြင်နာစဉ်သာပြန့်'ကြလျက်၊ 'မေတ္တာ ကရုဏာ မုဒိတာ' ပွားများကြလျက် 'ဘဝနိမ့်စုံအလင် အကုန် အစင်လှစေကြောင်း' ဆုတောင်းသော လူမျိုးများ ဖြစ်ကြပါသည်။ 'ဒေါသမိုက်ဆိုးရန့်' ကင်းသော လူမျိုးများဖြစ်ကြပါသည်။ 'ပီတိဖြာရင်မှာမွေ့ချမ်း မြေ့ပျူငှာ'သောလူမျိုးများဖြစ်ကြပါသည်၊ သို့ဖြစ် ပါ၍ 'မင်္ဂလာရှိကြပါသည်'။

ပုဏ္ဏဝတီတင့်နွေဝင်း၏ မင်္ဂလာကဗျာအတွက် ဤ မင်္ဂလာ အမှာစာဖြင့် ဂုဏ်ပြုလိုက်ရပါသည်။

မုံရွာ ဝင်းဖေ

၆-၈-၁၉၉၅။

# မမှာချင်သော အမှာ

ကဗျာရေးဖော်ဖြစ်ပါလျက် ကဗျာအမျက်ထွက်၍ ခွာထွက်သွားလေသလား၊ သို့မဟုတ် ဥစ္စာမေနတွယ် ဖက်ပြီး ရက်စက်စွာ ကဗျာနှင့်ကျွန်တော့်ကို ကျော ခိုင်းသွားလေသလား မသိ။ အိပ်မက်ထဲက လွင့်ထွက် ပျောက်ကွယ်သွားသော—

ပုဏ္ဏဝတီတင့်နှောင်း....။

တစ်ဆယ့်ရှစ်နှစ်လုံးလုံး အပြုံးမပွားဘဲ အရှုံးသမား ကဲ့သို့ ကဗျာနှလုံးသားကို ဖုံးထား ဖိထား ကွယ်ဝှက် ထားတဲ့—

ပုဏ္ဏဝတီတင့်နှောင်း....။

လူပုံညှဉ်းသိုးသိုးနဲ့ ကျွန်တော်ကဲ့သို့ အံရှုပ်ဆိုးသော ပုဏ္ဏဝတီတင့်နှောင်း....။

မတွေ့ကြာ၍ မေ့သလိုလိုရှိနေချိန်တွင် ကဗျာထုပ် ကို ဂုတ်ကျိုးအောင် ထမ်းပြီး ကျွန်တော့်ထံသို့ ဆိုက် ဆိုက်မြိုက်မြိုက်ရောက်လာသည်။ ဘာမဟုတ်တဲ့ ကဗျာ ထုပ်ကို ဖြေပြီး ရှာဖွေရသမျှ ငွေကြေးကလေးဖြင့်....

"ကဗျာမှတ်တိုင်လေးဖြစ်အောင် တစ်အုပ်လောက် ထုတ်ပါရစေ"တဲ့။

"အမှာစာ ရေးပေးပါ"တဲ့။

ကျွန်တော့်နောက်လိုက် အမိုက်ခေါင်ချဉ်း အရင်းမရ လက်ဆောင်ငှတဲ့ ဒါနမျိုးစေ့ကို ရင်ဝယ်ပျိုး၍ ညှိုးရှပ်နှင့် မိုးချုပ်ချင်သလား။ အန်းခေါင်ထက်တော့ ညဥ့်မနက်တန်ကောင်းပါဘူးလေ။ ကဗျာကုန်စည် အိပ်မက်သည်တွေပဲကိုး။ ခိုးလိုးခုလုနှင့် သူပြုချင်သည့် ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် "မင်္ဂလာရွှေမြည် သီချင်းသည်" ကဗျာစာအုပ်အတွက် ကျွန်တော်ဆိုဇသော ကျွန်တော်ကလည်း စကားပြေကို မရေးပါဘူးဟု ကျိန်စာဆို၍ မိုက်ခဲ့ဖူးသည် ဖြစ်ပါလျက် မရေးမဖြစ် ရေးမှဖြစ်မည့်သူမို့ ကျိန်စာကို ဖျက်လိုက်ရပါပြီ။

စကားလုံးလေးတွေ မှန်စီ ရွှေချမထားပေမယ့် ကဗျာအလှကလေးတွေ စိန်စီသ ချင်လာသည်။ နဘေထပ်ပြန်ဂဟတ် စကားညှပ်တွေပါလွန်းလို့ အမွှမ်းတင်လွှမ်းချင်လာတတ်ပါသည်။

သူ့အကြောင်းကို အပြောင်းအလဲတို့က ဖန်တီးထားခဲ့သည်။ ကျွန်တော့် အသိဆုံးပင်။ တစ်ဆယ့်ရှစ်နှစ်လုံးလုံး ပုန်းအောင်းနေခဲ့ပေမယ့် အကြောင်းအပေါင်း ပြန်တည့်တော့ အလှည့်အပြောင်း ကဗျာကလေးတွေ ရေးသီတတ်သေးပါကလား။ သူ့လက်သည် ညက်ညောမှုကို ဖက်တွယ်ထားသည်။ ရင်ဆာမှုရသကို ဖော်ကျူးပြီး အထူးပြုဂုဏ်တို့ဖြင့် ဂန္ထဝင်

စံတင်လောက်အောင် အကြောင်းအားလျော်စွာ ရေးဖွဲ့ပြတတ်ပါပေသည်။

❋ မေတ္တာအလှပန်း
ဆင်မြန်းကြ ကိုယ်စီသာ....။

❋ သင်းနံ့သာ လေမှာဝဲ
ထူးကဲပျံ့စွာ....။

❋ မေတ္တာ၊ ကရုဏာ
မုဒိတာ မင်္ဂလာတရား....။

❋ တို့သူငါ မေ့ခြင်းလွှမ်းပြီမို့
ထုံမွှမ်းကြိုင်လှိုင်စွာနဲ့
ပြည်မြန်မာ ဂုဏ်ဖြာလက်တယ်
ချစ်မက်ဖွယ်များ....။

သူ့ရင်ထဲက မေတ္တာအလှပန်းတို့ ရနံ့ဖြာ၊ မဖြာ၊ ကရုဏာပွား-မပွား၊ မင်္ဂလာရှိ-မရှိ၊ ပီတိဆိုသည့် အစာဖြင့် ဖြည့်ကြည့်ပါတော့။ ပြည်၏ကျက်သရေ တက်နေအလားကဲ့သို့ နှလုံးသားမှာ ထိရိုက်ရှတ၍ အလင်းရောင်ဖြတ်သန်းသွားတာလိုတော့ ကျွန်တော် ခံစားလိုက်ရပါသည်။

ဖျောက်ဖျက်မရသည့် နောက်တစ်ချက်ကလည်း အမေကဗျာရသကို ကျကျနန ဖော်ကျူးပြသသွား ပြန်ပါသည်။

* တိုးအားပေါ်က မိခင်ကဗျာ....။
* စာဆိုရှင်သခင်မိန်သောင်း၏
ကောင်းပြည့်လက်ရာ....ဟူ၍လည်းကောင်း–။
* စာဆိုရှင် ကိုတင်မိုးက
ရှိခိုးကာ မှန်းရည်စူး
ဖူးလိုက်သည့်အမေ ...ဟူ၍လည်းကောင်း–။
* ရွှေနှင်းဆီ ကြွေချင်နွမ်းပေမင့်
အမေသင်းကြည် ရေစင်ဖျန်းခဲ့ပေါ့
ပန်းသည်အမေ....။
* စာဆိုရှင် တက်လူလှရယ်က
ဗျာပိုရင် သွက်ယူဆတွေနဲ့
ဖွဲ့ပြတတ်မေ....ဟူ၍လည်းကောင်း–။
* အမေအကြောင်း
ညွှတ်ပျောင်းနွဲ့ ဖွဲ့မည်ပြင်....။
* သူတို့ကဗျာ သူတို့အကြောင်းက
ခေါင်းထဲလာဝင်....ဟူ၍လည်းကောင်း၊

စေဒနာဖြင့် အမေကဗျာကို ကြေညာတတ်သူ၊ သူ....သို့မဟုတ်....ပုဏ္ဏဂတီတင့်နှောင်းကို ကျွန်တော် မမေ့စကောင်းပါ....။ ကျိုးကို ဘုတ်မြှောက်၊ ဘုတ်–ကျိုးမြှောက်ကြခြင်းတော့ မဟုတ်ပါ....။

* ပြည်ထောင်စုကြီး
စုစည်းကျစ်လျစ်
အားမာန်ဖြစ်က
တည်ရစ်ရှည်ကြာ
ဤကမ္ဘာဝယ်
ဘယ်မှာကျွန်တွင်း ပြန်နစ်လတ္တံ့....တဲ့။

စည်းလုံးညီညွတ်မှုအင်အား ရင်ကြားစံတဲ့ပုံတင်သံ အလျှံလက်လက်ကိုလည်း စွဲမက်စွာ ကျွန်တော်ခံစားကြည့်မိသည်။

* *တစ်ဝန္နစ်ဝ၊ သုံးလေးဝ*
လျှော်စစုပေါင်း၊ ကြိုးတစ်ချောင်းသည်
အားကောင်းမာန်ကြွ၊ ခိုင်ကျည်လှ၍
သုံးကြစွဲကြ၊ နှစ်သက်ကြနှင့်
လောကအလယ် တင့်တယ်အံ့
ညီညွတ်ခြင်း၏ရလဒ်တည့်....တဲ့။

ပြည်သူတို့၏ရင်ထဲက သံယောဇဉ်ကြိုးကို ခိုင်မာကျစ်လျစ်စွာ ဖွဲ့နှောင်ရစ်သီပြလိုက်ပုံက ချစ်ကြည်မျှတခြင်းတစ်ရပ်ပင် မဟုတ်ပါလား....။

ကဗျာနှလုံးသားကို ဖုံးထား၊ ဖိထား၊ ကွယ်ဝှက်ထားရာမှ တစ်ကြော့ပြန် ပွင့်အံလာသည့် ပုဏ္ဏဝတီတင့်နှောင်း၏ အောင်မောင်းသံပေး၊ အေးစေမှုဖန်

"မင်္ဂလာရွှေပြည်သိချင်းသည်" ကဗျာအတွက် အမှာ ထာမန်နှင့် ဝေဖန်ပေးလိုက်ပါပြီ....။ ဘာမဟုတ်တဲ့ ကျွန်တော့်က စာရှုပ်အောင် ပုဏ္ဏဝတီတင့်နွှေဝင်း၏ ကဗျာထုပ်ကလေးကို ဖြေပြလိုက်ပါပြီ....။

ကဗျာချစ်သူစာချစ်သူသို့ နှလုံးသားမှတ်ကျောက် မှာ ကဗျာစစ်မစစ်၊ ရသ, သစ်-မသစ်၊ ဂန္ထဝင်မြောက် မမြောက်၊ တီးခေါက်ပွတ်တိုက်၍ ကြိုက်မကြိုက်ကို နှစ်ခြိုက်သလို ခံစားကြည့်ပါ၊ ဆုံးဖြတ်ပါ.... ဟူ၍ သာ မမှာချင်သော အမှာဖြင့် ကဗျာဆရာချင်း ကိုယ် ချင်းစာကြည့်မိပါသတည်း.....။

တက်လူ

၁၃-၈-၁၉၉၅

# "ကျွန်တော် ပြောပါရစေ"

ကျွန်တော်သည် ၁၉၆၇-ခုနှစ်မှစပြီး ကဗျာ၊ စာညွှန့်၊ ဝတ္ထုတိုနှင့် ဆောင်းပါးများကို စတင် ရေးသားခဲ့ပါသည်။ သို့သော် ၁၉၇၆-ခုနှစ် အထိ ဆယ်နှစ်တာ ကြာမြင့်ပြီးနောက် စာပေနှင့် အဆက်ပြတ်သွားခဲ့ပါသည်။

၁၉၉၄-ခုနှစ်တွင်မှ သူငယ်ချင်း ကဗျာဆရာ အစ်ကိုကြီး တက်လူနှင့် ပြန်လည်ဆုံစည်းပြီး စာရေးဖြစ်လာပြန်ပါသည်။ ကဗျာကို ယခင်နာမည်ဟောင်းဖြင့် ရေးသားပြီး စကားပြေကို တင်မြင့် (ရွှေပြည်သာ) ဖြင့် ရေးပါသည်။

ဤကဗျာစာအုပ်သည် ယခင် စာနယ်ဇင်းများတွင် ဖော်ပြပြီးသော ကဗျာအချို့နှင့် နောက်ရေးကဗျာအချို့ ပေါင်းစပ်ထားခြင်း ဖြစ်ပါသည်။

ကျွန်တော့် ကဗျာများနှင့် ပတ်သက်ပြီး ကျွန်တော် ဘာမှ မပြောလိုပါ။ ပြောရန်လည်း အကြောင်းမရှိပါ။ ကျွန်တော် ပြောလိုသည်မှာ

ကဗျာကို ကျွန်တော် တတ်သိနားလည်သလို ခံစားမိသလို ဝါသနာအရ ရေးဖွဲ့နေခြင်းသာ ဖြစ်သည်– ဟူသည့် စကားပဲ ဖြစ်ပါသည်။ ကျွန်တော်သည် ကဗျာဆရာ တစ်ယောက်လည်း မဟုတ်ပါ။ ကဗျာ ပညာရှင် တစ်ယောက်လည်း မဟုတ်ပါ။ သာမန် ဝါသနာရှင်တစ်ယောက်သာ ဖြစ်ပါသည်။ တစ်နည်း အားဖြင့် ကျွန်တော်သည် အစစအရာရာတို့၌ ကျွမ်းကျင်လိမ္မာပါးနပ်သော တည်ဆောက်ရေး ဗိသုကာ ပညာရှင်တစ်ယောက်ကဲ့သို့ မဟုတ်မူဘဲ ကိုယ်နေတတ်ရုံ ဝါးတဲလေးမျှသာ ဆောက်လုပ်တတ်သော သာမန် အရပ်သား တစ်ယောက်ပမာမျှသာ ဖြစ်ပါသည်။ သို့ဆိုလျှင် ကျွန်တော့်ကို နားလည်ကောင်းပါပြီ။

ကျွန်တော့် ကဗျာများ ကောင်း–မကောင်းနှင့် လက်ခံနိုင်သည် လက်မခံနိုင်သည်တို့မှာလည်း ကဗျာ ချစ်သူ စာချစ်သူ စာဖတ်ပရိသတ်၏ အကြောင်း သို့မဟုတ် သမိုင်း၏အကြောင်းသာဓကဟူ၍ ကျွန်တော် ယူဆထားပါသေးသည်။ လူတိုင်း ကိုက်နှစ်သက်သော ကြက်သားဖြစ်ခွင့် မရှိပေမင့် ကြက်သားဟင်းကို ပိုမိုကောင်းမွန်ရန်အတွက် ဖြည့်တင်းရေးပစ္စည်း ဖြစ်သည့် ဆားပွင့်တစ်ပွင့်ပမာမျှ ဖြစ်ခွင့်ရလျှင်ပင် ကျွန်တော် ကျေနပ်နှစ်သက်ရပါပြီ။

ဤကဗျာစာအုပ်ဖြစ်မြောက်ရေးအတွက် လိုအပ်သောဘက်များမှ ကိုင်းဝန်းကူညီ ပံ့ပိုးကြသော ဦးဝင်းဖေ (မုံရွာဝင်းဖေ)၊ ဦးတင့်လွင် (တက်[illegible]) ဦးအေးစန်း (လှပရောင်စုံ ဓာတ်ပုံနှင့် [illegible] အမှတ် ၀၄-ဆန်းစက်မှ ဦးမောင်[illegible]နှင့် သူငယ်ချင်း ရွှေ၊ ဦးအောင်ချစ်၊ [illegible]အား အထူးကျေးဇူးတင်ရှိ ကြောင်း[illegible]ပေါက်(၁)[illegible]မှတ်တမ်းတင်အပ်ပါသည်။

ပုဏ္ဏဝတီတင့်နှောင်း

## ယုံကြည်ရေး ဒေသနာ

❋ ကိုးဆယ့်ခြောက်ဖြာ၊ ဝေဒနာတို့
သွေ့ခြောက်ပယ်ရှင်း၊ ကျန်းမာခြင်းသည်
ကောင်းခြင်းမှတ်ပွား လာဘ်တစ်ပါး။

❋ ဝိသမ နေ့ဥ၊ လောဘဇောတို့
ပြေလျော့ပယ်ရှင်း၊ လမ်းဖြောင့်ခြင်းသည်
ကောင်းခြင်းမင်္ဂလာ မြတ်ဥစ္စာ။

❋ တစ်ယောက်သဘော၊ တစ်ယောက်ပြောနှင့်
စစ်ကြောပြန်လှန်၊ နစ်နာခံလျက်
ရှုန်မာန်ပယ်ရှင်း၊ နှောင်ဖွဲ့ခြင်းသည်
ကောင်းခြင်းဝေပြိုး မြတ်ဆွေမျိုး။

❋ မြတ်စွာဗုဒ္ဓ၊ ဟောညွှန်ပြသည့်
မဂ္ဂဒေသနာ၊ ကြည်မွေ့ခါဝယ်
ရင်မှာချမ်းမြ၊ လမ်းလည်းလှ၍
ဘဝဇာနေ ဝင့်စေသည်
အလှဖြာဝေ တင့်ချေပြီ။ ။

## မင်္ဂလာရှေ့ပြေး

* မေတ္တာအလှူပန်း
ဆင်မြန်းကြ ကိုယ်စီသာ။

* သင်းနံ့ သာလေမှာဝဲ
ထူးကဲပျံ့ စွာ။

* ဒေါသ မိုက်ဆိုးရန့်မှာ
ရှိုးသန့်စွာ ကင်းစင်ဝေး။

* နှလုံးရင် ပြုံးရွှင်မွေ့
ချမ်းမြေ့ပျံ့ မွှေး။

* ကရုဏာမိုး
သွန်းဖြိုးကျ သူငါရစ်။

* အကြပ်နာ စဉ်သာဖြန့်
လွှမ်းဖြန့်ဝန်းကျင်။

* ဘဝနိမ့် စုံအလင်
အကုန်အစင် လှစေကြောင်း။

* ဆန္ဒခြွေ စိတ်စေညွန်း
သွန်းနှိမ်မိတ်လောင်း။

* ဝမ်းမြောက်မှု မုဒိတာ။

* ပီတိဖြာ ရင်မှာမွေ့
ချမ်းမြေ့ ပျူငှာ။

* ဘဝမြင့် စုံအလှာ
ဆထက်ရာထောင် ကောင်းစေသား။

* ရွေးကုသိုလ် အကျိုးဆက်သို့
တိုးတက်မြင် ကြည်လင်လျက်ကွယ်
နှစ်သက်ပွားများ။

* မေတ္တာ ကရုဏာ
မုဒိတာ မင်္ဂလာတရား။

* တို့သူငါ မမှု ခြုံလွှမ်းဖြိုမို့
ထုံမွှမ်းကြိုင်လှိုင်စွာနဲ့
ပြည်မြန်မာ ဂုဏ်ဖြာလက်တယ်
ချစ်မက်ဖွယ်များ။

# ချမ်းသာစေ

* ငယ်ခလေးဝယ်
မွေးမေ့ရင်ခွင်၊ ပြေးဝှေ့ဝင်၍
လိုချင်ရာရာ၊ ပူဆာသုံးစွဲ
စိတ်ထဲကြည်မြ ချမ်းငြိမ်းစွ....။

* နှစ်ဆယ်ထက်တွင်
သက်မျှရည်စူး၊ ချစ်မိုးဖူးနှင့်
ကြည်နူးချိုမြ၊ သားသည်းလှကြောင့်
သောကမမြင် ချမ်းငြိမ်းစွ....။

* ဇရာလည်းညှိုး၊ ဗျာဓိညှဥ်းနှင့်
ယိုယွင်းခန္ဓာ၊ ယနေ့ခါဝယ်
စိတ်မှာမြွေကျွမ်း၊ ကိုယ်လည်းနွမ်းပြီ
ချမ်းငြိမ်းခြင်းတို့ပျောက်သတည်း....။

* ဪ.... သောကကြိုးရှုပ်
နာမ်ရုပ်ခန္ဓာ၊ သိဉာဏ်ဖြာလျက်
ချမ်းသာအနှစ်၊ ဖွေရှာလစ်သော်
ချစ်မြတ်နိုးစွာ၊ တွေ့ရပါပြီ
သုံးဖြာလောက တုမရှိ
ဗုဒ္ဓမြတ်စွာ လမ်းစဉ်တည့်....။ ။

ရွှေပေါ်ကျွန်းဓမ္မသာလာ
၁၉၄၅၊ မေ။

## ဖြည့်ညီစိတ်မှာ အမေကဗျာ

* "တိုးအေးပေါ်ကမိခင်" ကဗျာ....။
* စာဆိုရှင် "သမိန်သောင်း"၏ ကောင်းပြည့်လက်ရာ....။
* မြတ်မိခင် မေတ္တာတရားကိုလ မှတ်သိချင် လှစ်ကာကြွားပါတဲ့ ချစ်သဒ္ဒါပွား ကြောင်းချင်းရာ ဖတ်ရခါ တစ်ခဏ....။
* နှလုံးအိမ် ဆူးနှင့်ဆွသလိုပါ စူးရှကာ နာကျင်ကျင်နဲ့ ချစ်မိခင် ဦးတင်ခိုက် ဇောလိုက်ဖို့ကြွ....။
* စာဆိုရှင် ကို"တင်မိုး"က ရှိခိုးကာ မှန်းရည်စူး ဖူးလိုက်သည့် "အမေ"....။

* သွေးထပ်ကြေ ကြေမလားပေါ့
ဝေးရပ်နေ တစ်မြေခြားက
သားမေတ္တာတွေ....။ ||

* ကြည့်လိုက်တိုင်း အို....အမေ
အမေအရွယ်ဆို ဦးနှိမ်ချ....။

* မြင်လိုက်တိုင်း အို အမေ
အမေငတ်နေ သားဘဝ...။

* ဖတ်ပြီးလျှင် ရင်တနင့်နင့်သာပ
မိခင်ဖြစ်တွေ သားဘဝ
မျှခံစားရ....။

* ရွှေနှင်းဆီ ကြွေချင်နွမ်းပေမင့်
အမေသင်းကြည် ရေစင်ဖျန်းခဲ့ပေါ့
"ပန်းသည်အမေ"....။

* စာဆိုရှင် "တက်လူ" လှရယ်က
ဗျာဒိုရင် သွက်ယူဆာတွေနဲ့
ဖွဲ့ပြတတ်ပေ....။

❋ ဖတ်ရတိုင်း မဝနိုင်ပေ
ဖြစ်တွေ့စုံ အမွေ့ဘဝ....။

❋ ရှုရတိုင်း မဝနိုင်ပေ
သနစ်တွေ့ပုံ သားဘဝ....။

❋ သားနှင့်အမေ
ပွားသစ်ဝေ ချစ်သဒ္ဒါကြွယ်တဲ့
မေတ္တာသွယ် လွန်းရှယ်ခန်းတွေက
စာမငီသူ ဘဝင်ချမ်းလို့
လွမ်းမိပါရ....။

❋ အမေအကြောင်း
ညွှတ်ပျောင်းနွဲ့ ဖွဲ့မည့်ဖြင့်....။

❋ သူတို့ကဗျာ သူတို့အကြောင်းက
ခေါင်းထဲလာဝင်... ။

❋ ဦးနှောက်တို့ မကြည့်လင်
ကဗျာအမြင် ဘယ်ဆီသွား…။

❋ အကြံမထုတ်နိုင်ဘူး
ခေါင်းကုတ်ကာ အတွေးဖြာဖြာဝေတော့
တေးမှာနေ အမေအိုက
ရေနွေးလို ရေနွေးချ
ဆေးလိပ်လို ဆေးလိပ်ချ
ကဗျာဆရာ သားလူလူတွက်
မြှုမြတဲ့ မေတ္တာအဖြာဖြာ
ကြွင်နေတဲ့ အချစ်အနှစ်
လှစ်ဟကာ ဖွင့်မပြောပေမယ့်
သဘောအသွင် ဆင်ခြင်မိပြီမို့
သိစိတ်စေ ဇွေစွေဖိုးရယ်နဲ့
မိခင်အို ခြေဖမိုးကိုလ
ရှိခိုးကာ နဖူးနှင့်တိုက်
ဦးခိုက်မိတကား….။ ။

## မညှိုးပန်းတစ်ပွင့်

❋ သူသေခဲ့ပြီ၊ မရှိပြီဟု
ပြည်သူတိုင်းက၊ သိနေကြလည်း....။

❋ သူ၏ခန္ဓာ၊ ရုပ်ကမ္ဘာမှ
ပြောင်းခွာသွားရ၊ သိနေကြလည်း....။

❋ ထူးတတ်မြတ်ဗျာဒိ မြန်မာပြည်ဟု
တိတေရှေးမှ၊ စိုးပိုင်ကြသည့်
ဘဝအမွေ၊ ဤသည့်မြေကို
ခြေချကျော်ကျူး၊ နယ်ချဲ့ရှူးနှင့်
ဘီလူးဖက်ဆစ်၊ သူ့ကျွန်ဖြစ်မှ
အားသစ်မာန်ထူ၊ ပြန်တိုက်ယူသည့်
ပြည်သူ့ညွှတ်ပျောင်း၊ခေါင်းဆောင်ကောင်းမို့-။

❋ သူ၏ခန္ဓာ၊ ရုပ်ကမ္ဘာမှ
ကြွေကာပျောက်လတ်၊ သူ့စိတ်ဓာတ်မူ
အမြတ်ဆုံးပန်း၊ မညှိုးနွမ်းသည့်
လန်းမြဲမွှေးမြဲ ပြည့်ရင်ထဲ
ကမ္ဘာ့ရှည်ထိ တည်မည်ပဲ....။

(ဗိုလ်ချုပ်အောင်ဆန်းသို့)

မြတ်

ဆ

ရာ

❋ မသိသည်ကို
သိကြစေရာ၊ စေတနာဖြင့်....။

❋ မတတ်သည်ကို
တတ်ကြစေရာ၊ မြတ်မေတ္တာဖြင့်....။

❋ မလိမ္မာသည်ကို
လိမ္မာစေရာ၊ ကရုဏာဖြင့်....။

❋ ဖြူသည့်စိတ်ဓာတ်၊ မြတ်သည့်စိတ်မွန်
မွန်သည့်စိတ်ရင်း၊ နှလုံးအတွင်း၌
ရင်တွင်းဖြစ်လာ၊ နာသုံးနာဖြင့်
ဖူးလာသည့်ပန်း၊ ပွင့်ဖြာလန်းစေ
လန်းလာသည့်ပန်း၊ သင်းထုံလွှမ်းစေ
ပန်းကောင်းဖြစ်မှု၊ ပျိုးထောင်ပြုသည်
ဥယျာဉ်မှူးမြတ် ပီသည်တကား....။ ။

●

# ဖိတ်ခေါ်ပါသည်

* ဗုဒ္ဓအမွေ
စေတီဘုရား၊ ပုထိုးများနှင့်
တရားရိပ်ကောင်း၊ ဇရပ်ကျောင်းနှင့်
အုန်းမောင်း ကြေးစည်၊ ဆည်းလည်းညီနှင့်
ကြည်နူးရှင်ပျို၊ ရင်အေးမြသည်
မြန်မာ့ရှုခင်း... တို့ရှုခင်း....။

* ဇာတိအမွေ
မြေရေပိုင်စိုး၊ ကျုံးမြို့ရိုးနှင့်
ပြအိုးပစ္စင်၊ နန်းရင်ပြင်နှင့်
ဆင်ယင်အနု၊ ယဉ်ကျေးမှုနှင့်
သူ့ အောက်မခ၊ စိတ်တက်ကြွသည်
မြန်မာ့ရှုခင်း.... တို့ရှုခင်း....။

❋ ဘဝအမွေ
ယာမြေစိုက်ကွင်း၊ သီးနှံခင်းနှင့်
လျှံဝင်းကျောက်မြက်၊ ရွှန်းလက်လက်နှင့်
တွင်းထွက်ရေနံ၊ ကျွန်း သစ် သံနှင့်
အယံဇာတ၊ လျှံကြွယ်ဝသည်
မြန်မာ့ရှုခင်း.... တို့ရှုခင်း....။

❋ ရှုခင်းပိုင်သူ၊ တို့တွေမှုလည်း
ဖြူသည့်စိတ်ရင်း၊ ပန်းနုယ်သင်းနှင့်
ချစ်ခြင်းမေတ္တာ၊ ကရုဏာနှင့်
ကြင်နာတရား၊ ရင်မှာပွားနှင့်
ရိုးသားမိတ်ဆွေ၊ ညွှေ့ဝတ်ကျေ၏
တို့ပြေ(ပြည်)အလှ၊ ရှုလိုကြလျှင်
နှုတ်ဖွချိုသာ၊ ဖိတ်ခေါ်ပါသည်
မြန်မာပြည်ကို လာခဲ့ကြယ်....။ ။



မြန်မာ

❋ မြန်မာဟူသည်
ဖြူကြည်စိတ်ရင်း၊ ဝန်းနှယ်သင်း၍
လေညင်းသယ်ဖြန့် ဝန်းကျပ်ပြန့်....။

❋ မြန်မာဟူသည်
ချစ်ကြည်စိတ်ထား၊ သွေးမခြား၍
ကွဲပြားမရှိ ဝန်းကျင်သိ....။

❋ မြန်မာဟူသည်
ရဲရည်စိတ်ဓာတ်၊ သတိချပ်၍
ကာပ်မည့်ရန်များ ဝေးသို့ရှား....။

❋ ရှမ်း, ချင်း, ကချင်
ကရင်, ကယား၊ ရခိုင်များနှင့်
ဆင်းသား, ဗမာ၊ မွန်တစ်ဖြာထည့်
မြန်မာမည်ကြွား ညီနောင်ဖွား....။

❋ မြန်မာတို့သည်၊ မိပြည်ချစ်ကဲ
အနေရဲလျက်၊ ဇွဲလည်းခိုင်လတ်
အတတ်လည်းထွင်၊ အမြင်လည်းရှိ
အသိလည်းပွား၊ မြတ်တရားနှင့်
ရိုးသားဂုဏ်ပုဒ်၊ ကိုယ့်သရုပ်နှင့်
မဟုတ်မခံ၊ ဇာတိမာန်နှင့်
နိုင်ငံအလှ တည်ကြတကား....။ ။

❋

# နှလုံးသွေးဖြင့် ရင်းပါသည်

* "မလိုက်လိုပါ"
ဇာလီကကျော၊ နှစ်ဖြာရစ်သွေး
ငိုကြွေးလိုက်ဆူ၊ ရှန်းကန်မှုသည်
ဇူဇကာသို့ လှူလေ၍....။

* "ရက်စက်လွန်းတကား"
မိဖုရားမဒ္ဒီ၊ ကျွမ်းမြေ့မြည်တမ်း
ဝမ်းနည်းရှိုက်သံ၊ နှလုံးမွန်ပြီ
သံယောဇဉ်နှစ်၊ ကြင်ချစ်လွန်းစွာ
ဇာလီ ကကျော၊ သည်းနှစ်မြွာကို
ဒါနအလို့ငှာ လှူလိုက်၍....။

* မယားကောင်းဝတ်၊ မိကောင်းဝတ်တို့
ယှဉ်းချွတ်မမြင်၊ မဒ္ဒီခင်၏
ရင်နှင့်သောက၊ သိပါရလည်း....။

* ဘဝဆည်းလည်း- သားသမီးတို့
ရင်သည်းခံစား၊ ဖြစ်ရပ်များကို
မျက်ဝါးထင်စွာ၊ မြင်နေပါလည်း....။

* ဝေဿန္တရာ၊ မင်းမြတ်စွာလျှင်
ငါဘုရားလောင်း၊ သိဆင့်လောင်းကာ
တောင်းခဲ့မြတ်ဆု၊ "ဝေနေထု" တွက်
ပြုဆဲပါရမီ၊ ပြည့်ကြောင်းရည်မို့
မဒ္ဒီဇနီး၊ သားသမီးနှယ်
ပွားစီးသည်းမှ၊ ခံစားရလည်း
ဒါနအလှူ၊ ပေးကြည်ဖြူ၍
နတ်လူဘုံရပ် သိမ့်သိမ့်တုန်....။ ။



## ပြည်သူ့သားကောင်း

* ရဲအလေးနဲ့နေကြပြီပေါ
ခံမကျေ ဇွဲတွေပြပါတဲ့
ပွဲတွေရ တပ်မတော်.....။

* တောင်ယံတောတွေက
ထူပြောစွာဘယ်လိုတန့်သော်လဲ
မတန့်ပေါင် ဖြတ်ကျော်သွားကာပ
သားရဲကို ခလုတ်ပမာတည့်
ဆူးချုံမှာ သင်ဖျာပဲရယ်လို့
မှတ်စွဲကာ ရန်သူ့ စခန်း
လှမ်းကြမျော်မျော်.....။

* ရဲဘော်မသေ
သေပါစေ ရဲမလားပါဘူး
ယောကျ်ားအာဇာနည်တဲ့
ကိုယ့်တိုင်းပြည် ချစ်တဲ့စိတ်ရယ်နဲ့

ကိုယ့်လူမျိုး ချစ်တဲ့စိတ်ရယ်နဲ့
အံကြိတ်လို့တိုက်ပွဲခေါ်
ပြည်တော်ထွက်အမှုထမ်း....။

❋ ရှမ်း ချင်း ကချင်
ဗမာ ကရင် ကယားရယ်လို့
တိုင်းရင်းသား မြန်မာပြည်သူဟု
ချစ်ကြည်ဖြူ နှောင်ညီရင်းတွေပေါ့
ပျော်ခြင်းအဖြာဖြာနဲ့
မော်ခြင်းအဖြာဖြာနဲ့
အေးချမ်းစွာ နေစဉ်ခိုက်မှာပေါ့
မှောင်ကြိုက်သူ အဖျက်သမားတွေက
လှုပ်ရှား ဆူပူလာတော့
ပြည်သည်းချာ ရဲဘော်အပေါင်းမှာလ
သတ္တိမှန် စိတ်ဓာတ်လေးကာပ
စစ်ကြောင်းချီရန် ဖို့ခွင်းကြတယ်
(ကွယ်) သင်းဂျုံ့အောင်ပန်း....။ ။

မြဝတီ
၁၉၇၁-ဇွန်။

●

## ချစ်အမွေ

❋ လူတိုင်းတစ်ခွင်၊ တူနိုင်းယှဉ်ချစ်
ရင်နှစ်သားရှင်၊ မြတ်မိခင်သို့
အမြင်မပြား၊ ထင်အရှားပင်
ငွဲအားလှစ်ဖွေ မလိုတည့်
မြေနှင့်ပမာ တူချေဘိ....။

❋ မိခင်အချစ်၊ သားအနှစ်လျှင်
မေတ္တာအထု၊ သွေးဖြူဥမှ
ပွှခဲ့သစ္စာ မှန်လှစွာမို့
ကြင်နာနှစ်သက်၊ ကောင်းမွေဆက်ကြ၊
စမ်းထက်အေးမြ၊ စိတ်အလှဖြင့်
လောကရှုငြား၊ တည်ဆောက်သွားမည်
သားချစ်မိခင် ကျေးဇူးတကား....။
အားဖြစ်သိမြင် ပေးထူးတကား။ ။

## ဆရာ့မှန်

* လောကအရေး၊ ဘဝရေးတွင်
အတွေးအမြင်၊ သိပ်ပြင်လျက်
ကြည်လင်လှစွာ၊ လမ်းကြောင်းသာမို့
ကဗျာဖွဲ့သီ၊ ညွှတ်တွားပြီတည့်....။

* ဇာတိဇရာ၊ ဗျာဓိမရဏာလျှင်
ချမ်းသာကင်းရစ်၊ ဆင်းရဲဖြစ်၍
ဖြစ်ခြင်းဇာတိ၊ မဆုံးသည့်တိုင်
တည်ရှိဘဝ၊ ဝဋ္ဋဒုက္ခဟု
ဗုဒ္ဓအလို၊ ဖွင့်ပြဆို၏....။

* ကိုယ်ကျင့်သီလ၊ ဝီမံသနှင့်
ဒါန-သဒ္ဓါ၊ ထိုလေးဖြာကား
အိုခါချိန်ထိ၊ ကောင်းလှဘိဟု
ဖြည့်ဆည်းရန်ပါ၊ ဖော်ထုတ်ပြ၏....။

* ဇာတိဂုဏ၊ ဝယဂုဏ်
ဂုဏ်သုံးပါး၊ နှစ်ပါးအလှ
ဂုဏ–ဝယ၊ ညွှတ်ခပွားများ
မျိုးကောင်းသားဟု
လေးစားရန်ပါ၊ ရေးခြယ်ပြ၏....။

* မိဖကျေးငြား၊ လင်သားရှိသေ
ညောင်ရေသွန်းလ၊ ပတ်ရှုပ-ဟု
အလှမည်လတ်၊ အမြွက်လေးပါး
ခွဲခြားရှင်းစွ၊ ရေးဖော်ပြ၏....။

* သားသမီးဝတ်
ယှဉ်းချွတ်ဖောက်ပြန်၊ ပြစ်ဒဏ်သင့်စေ
အဖေအမေ၊ ရှိသေဏင်းပ
ခေါ်ကြရှန့်ကြမ်း၊ ဥဘဉ်ဆိုးသွမ်းကို
လမ်းမှန်ဖြောင့်စွာ၊ မြည္သန်လာသည်
စင်ကာပူသတင်း၊ ဖြန့်ဝေနှင်း၏....။

* ဩော်.... "ဒေါ်မြင့်သန်း" ဟု
လမ်းကောင်းညွှန်ပြ၊ ကထိက၏
အလှဆောင်းပါး၊ မေတ္တာအားကို
ဖတ်ငြားခဏ၊ ရင်အေးမြပေါ့
ရသအနှစ်၊ ခံစားနစ်ဝင်
အမြင်ကြည်စွာ၊ လမ်းကြောင်းသာမို့
ကဗျာဖွဲ့သီ၊ ညွှတ်တွားပြီတည့်
ချီကြည်စိတ်ရင်းနှင့်တကား။ ။

---

ငွေတာရီ၊ ၁၉၉၅-ဇွန်



## အမွေ

✱ ခက်လက်မြိုင်နှင့်
သီးပွင့်စုံတော့၊ လှဖြာဝေပြီ
အမွေရသည့် မြေကွက်တွင်....။

✱ သည့်မြေကွက်မှ
နုရွက်ညွှန့်ဖြာ၊ သုံးလိုပါက
လာပါခူးပါ၊ ကြည်ဖြူပါ၏....။

✱ လှပန်းပွင့်လှ၊ ပန်လိုပါက
လာပါခူးပါ ခွင့်ပြုပါ၏....။

✱ မြိန်သီးစုံစွ၊ စားလိုပါက
လာပါခူးပါ၊ ဝေငှပါ၏....။

❋ မွေ့မြတ်ခံစား၊ မိသားတစ်စု
အောင်မှုပန်းဆင်၊ သိကြည့်လင်နှင့်
ပဋွင်တေးမြ၊ ရွတ်ဆိုကြရ
မိတ္တဆွေလျှာ၊ ဖိတ်ခေါ်ပါသည်
မေတ္တာစိတ်မွန် ရွှေထားလျက်....။

❋ မနေ့ာမမှန်
ညာကြကိုကစား၊ အမြင့်မှားနှင့်
ခိုနားကာဝ်လာ၊ ဖျက်စိုတ်ပါမူ
ညီညာအားပြု၊ မိသားစုက
ငါးခုလက်ယှက်၊ သည်မွေ့တွက်
ဘက်ပေးကာကွယ်ကြမည်တည်း....။ ။

မြဝတီ
၁၉၇၂-ဖေဖော်ဝါရီ

## အလှပိုင်ရှင်တွေပါ

၁

❋ ခြောက်လှန့်နေမြဲ၊ ညငရဲဟု
ဝမ်းထဲယုံ့ယုံ့၊ သိစိတ်ကြုံ့၍
ညှိုးချုံ့နွမ်းလျ၊ အားငယ်စွမြင့်
ဘဝကုသိုလ်၊ အပြစ်ဆိုရှင်း
အလိုမပြည့် ဆင်းရဲနေ....။

❋ နေခြည်အနမ်း၊ လေပြည်ဖြန်းတွင်
ပွင့်ပန်းအလှ၊ တင့်ဆန်းကြသို့
အလှပြည့်စုံ၊ သူတို့ဂုဏ်ဟု
အာရုံညွတ်လျက်၊ တမ်းတမ်းမက်ကာ
နှိပ်စက်နေဘိ - မောဟဖိ....။

* အမုန်းခွာချ၊ နှလုံးလှသည့်
ပြုံးမြချမ်းသာ၊ ဟူသည့်မှာကား
ငါတို့တွင်ရှိ၊ မြတ်နိုးသိကာ
ဖိစီးခြွာကာဆဲ၊ ညငရဲကို
လွှဲဖယ်လိုက်လေ နေခြည်အနမ်း
လေပြည်ဖြန်းသည့်
ပွင့်ပန်းအစုံ၊ ကိုယ်ဘဝပေါ်
ရသထုံ၍ ကြည်မွေ့ကြ
ကိုယ်ပိုင်သည်သာ ကိုယ့်အလှ
မြင်တတ်လျှင်က ဂုဏ်တွေပေါ့....။ ။

## စာတည်းမှန်

* လူကိုခင်လည်း<br>
မူလျှင့်အသက်၊ ဦးထိပ်ရွက်၍<br>
မျက်နှာမကြည့်၊ စာကိုကြည့်ခဲ့....။

* ငွေကိုချစ်လည်း<br>
နှစ်သက်တွယ်တာ၊ ကိုယ်ကျိုးခွာလျက်<br>
သပြာမကြည့်၊ စာကိုကြည့်ခဲ့....။

* စာပေမွေ့သူ၊ များပြည်သူသို့<br>
စာမူသန့်လှ၊ နှစ်သာရနှင့်<br>
ပါဒပုဒ်ဖြတ်၊ သတ်ညွှန်းသတ်ပုံ<br>
ပြည့်စုံမှန်ရေး၊ ရောက်ရှိရေးတွက်<br>
လေးနက်စွမ်းဆောင် နေမချော်....။

* ဩော်....လစာမမီ၊ မပြေလည့်၍<br>
အတိုးနွမ်းနွမ်း၊ ပုဆိုးနွမ်းနှင့်<br>
နွမ်းခေ့ဘဝ၊ ရှိပါရမင့်<br>
စိတ်လှလှန်းသူ၊ သူ့လိုလူအား<br>
ဂုဏ်ယူလေးစားမိသည်တကား....။ ။

(ကဗျာဆရာ တက်လူထို ရည်ညွှန်းလျက်)

●

## ထာဝရအမြဲ

❋ လိုသလား၊
လိုများလိုလျှင်
အချိတ်တွင် အကာခွက်သတဲ့....။

❋ မလိုဘူးလား
မလိုလားပါလျှင်
တမာတွင် ကြက်ဟင်းခါး
သီးပြသွားမတဲ့....။

❋ သဘောသဘာဝ
မပြောကြဆိုကြ
မစ္ဆရိယတွေ
အတ္တတွေ
ဖုံးဖိမရ ပေါ်လွင်နေ...။

❋ အိုလေ
တို့တွေဟာ မြန်မာ....။

❋ မြန်မာဆိုတာ
မြဟ္မာစိုးရိတရား၊ ရင်မှာသွားတယ်
လိုလား မလိုလား
ရှောင်ဖယ်ရှားလေ
စိတ်ထားလှလှ တစ်ခုနဲ့ပြုး။ ။

●

## မေတ္တာအလင်းတန်းကလေး

❋ ကမ္ဘာလေ
လှုပ်ချေရှန်းလိုက်၊ ချေးပြိုက်ပြိုက်တည့်
သည်းလှိုက်ကျစ်ကာ၊ ဖွားမြင်လာခဲ့
သည်းချာသားငယ် မွေးမွေးတကား....။

❋ သို့တစ်ခေမင့်
သက်နှင့်ရင်းလှာ၊ သားသည်းချာတွင်
အင်္ဂါစုံပြည့်၊ မပါဘိသော်
ငြိုးရိုခွေလျှ၊ ဝမ်းနည်းရပေါ့
ရင်မှာနာကျင် မေ့မိခင်....။

❋ ထိုရော်အခိုက်၊ တစ်လှိုက်လှိုက်တည့်
နှစ်ခြိုက်ပြုံးရွှင်၊ သားဟန်သွင်ကို
မြင်လေခဏ၊ ပူသောကနှင့်
ညှိုးလျှနေရှာ၊ မိမျက်နှာသျှင်
မှောင်လှာတွင်းမှ၊ လွတ်မြောက်ကြွသည်
လပြည့်ဝန်းနှယ် ဝင်းသတည်း....။

ရေဒီယိုချိုတေးသံ
၁၉၇၁-ဩဂုတ်။

# ပြည်သူ့နိုးသို့

❋ နွေဝတ်ရုံကို
မုတ်သုန်မိုးက၊ ခွာဖယ်ချလျက်
အေးမြနူးမျစ်၊ ဝတ်ရုံသစ်
ချစ်စွာလှမ်းခြုံ ပေးလှည့်ကုန်....။

❋ မိုးဝတ်ရုံ၏
ဂုဏ်တန်ခိုးတည့်၊ မြကြဘိ၍
မိုးလကျွှ ဖန်၊ ကောက်မျိုးမှန်လျှင်
ရှန်းကန်ကြွနိုး နေလှာချိမ့်...။

❋ အို....သင့်မေတ္တာနှင့်
မြေလွှာအချစ်၊ ခံယူရစ်၍
မြနုစ်ကောက်ပင်၊ မြထည်စင်လျက်
ရွှေစင်ဝင်းဝင်း၊ ရွှေပွဲကျင်းကာ
ငြိမ့်ညင်းအေးအေး၊ သီချင်းတေးဖြင့်
နှင်းဖွေးနုဆစ်၊ ဆောင်းအဝင်ထိ
မြေပြင်အလှ၊ ခြယ်မှုန်းသ,ရန်
နိုးပါကြွပါ ပြည်သူ့မိုး။ ။

မြဝတီ
၁၉၄၆-မေ။

## ကောက်သိမ်းချိန်

❋ နွေဝင်တော့ ရွှေဆင်....။

❋ မြူအသွင် အမြင်ကန့်လို့
ရွှေအသန့် ဝင်....။

❋ ဟိုမှာလဲ ရွှေစင်
သည်တွင်လဲ ရွှေဖိုး....။

❋ လယ်မြေတွင် ရွှေအလှ
ခြယ်သလို့ မှုန်း....။

❋ ရွှေဆင်တဲ့ မြေပြင်....။

❋ စပေါင်းကော ရိတ်သိမ်းပွဲ
နွှဲကြပျော်ရွှင်....။

❋ ကြည့်လိုက်ပါ ကောက်လှိုင်းသွင်
အမြင်တွင် ဝင့်ဝင့်ကြွား....။

❋ လုပ်အားတွေ အခြေမှီး
ရွှေသီးပါလား....။

❋ ရွှေကောက်လှိုင်း သီးသံခြွေ....။

❋ နွှင်းညိုနေခင် ကြေ့ကြေ့ရှင်းနဲ့
နှင်းနှယ်ကြွေပေ....။
ရွှေသီးတို့ လှိုင်လှိုင်ကြွေ
လော့စင်တွေ တစ်လှည့်ချဥ်း....။

❋ အဖြူနုန်း အမှော် ဖယ်ထုတ်လော့
တိုးဝေ့ လေညင်း....။

❋ လော့ပြီးတဲ့ ရွှေသီးတွေ....။

❋ တင်းအရေ ရွှေဂရို့နဲ့
ချီးတွက်လို့နေ....။

❋ လယ်လုပ်သား ဦးကြီးတွေ
ပျော်ရှင်နေ ပီတိမွှား....။

❋ တလင်းပေါ် ချိတ်မွေးနဲ့
ရေနွေးဖန်ဖန်သောက်လို့
ပြုံးမောက်လျှ ရွှေစပါးကြောင့်
စိုင်းပွဲကာတစ်ပျော်တစ်ပါး
အားတက်တကြား....။

---

ငွေတာရီ
၁၉၇၆-နိုဝင်ဘာ

## အနုပညာ

* ခံစားမသိ၊ သူမရှိမူ
မျှင်းရိုဖွယ်ရာ၊ လူ့ရပ်ရွာတည့်
အာရုံမကြည်၊ ဝိုးဝါးမည်လိမ့်
မှုန်ရီမှိုင်းပြ၊ အမှောင်ခ၍
ဘဝအလှ ချုပ်မည်တည်း....။

* သူမရှိလည်း
ရှိရန်ကြိုးစား၊ ဈာန်ဝင်စားကို
ခံစားသိမူ၊ ကြိုးစားပြုသော်
လူ့ခွင့်လူ့တိုင်း၊ ပဲ့တင်လှိုင်းထပ်
အရှိန်းမှုယဉ်၊ အကြွင်နှာဆင့်
သာတင့်ဖွယ်ပင်၊ ကြည်ကြည်လင်၍
ယဉ်ယဉ်ငြိမ့်ငြိမ့် လှမည်တည်း....။ ။

---

တိုင်းရင်းဖမ
၁၉၇၀-မေ။-

## ရသရေစီးကြောင်း

* မောင်နှင့်မယ်တည့်
သက်ရှယ်ပျိုမျစ်၊ ငယ်ကချစ်စဉ်
နှစ်ကိုယ့်တစ်စိတ်၊ အရိပ်တကြည့်ကြည့်
ပီတိအစာ၊ ဆီဖြည့်ကာဖြင့်
နှစ်မြွာအသည်း မခွဲချင်
ရင်မှာငြိလျက် ရမ္မက်မင်….။

* သက်ရှယ်အရှင်….
သမီးနှင့်သား၊ မြေးမြစ်များဖြင့်
စည်ကားပျော်ရွှင်၊ သံယောဇဉ်တည့်
မမြင်တွေ့ရ၊ သမုဒယကြီး
ရစ်တိုးမျှင်းမျှင်း၊ ချည်နှောင်တင်းတော့
ရင်တွင်းကြည်မြ၊ ချမ်းငြိမ်းလှတဲ့
ဘဝချေးသိပ် အေးရိပ်ဝင်
စရိုက်ဆိုးပျက် ရမ္မက်ကြွင်….။ ။

## တာဝန်ကိုယ်စီရှိကြသည်

* ရသချိုလွင်၊ ဤအပင်ကို
သန်ရှင်ထွားမြင့်၊ ခက်လက်တင့်နှင့်
သီးပွင့်ဝေဝေ၊ ဆန္ဒချေလျက်
တို့တော့ပေါင်းမြို့၊ လို့ လမှုဖြင့်
ပြုစုပျိုးထောင်ခဲ့ပါသည် .. ။

* သို့ဖြစ်ခဲ့အင်၊ ဤအပင်အား
အသွင်ညှိုးနွမ်း၊ မသောကျွမ်းတဲ့
လန်းဆန်းဝေဖြာ၊ နှစ်ရှည်ကြာထိ
ပွင့်လာလန်းကာ၊ နို့ သင်းဖြာရန်
တာဝန်တို့တွင် ရှိတော့ပြီ....။

* လှပေါင်းစုံလင်၊ ဤအပင်ကို
ခိုဝင်တွယ်ကပ်၊ အဆိပ်ဓာတ်ဖြင့်
လှမ်းပတ်လွှမ်းနှီး၊ အဖျက်ပိုး၏
ဆီးရှားသည့်အခါ၊ ကာကွယ်ရန်တွက်
သိဉာဏ်ခွန်အား၊ စဉ်နိုးကြားလျက်
တို့များထိန်းသိမ်း ရမည်တကား....။ ။

---

မြဝတီ
၁၉၇၃-မေ။

## ကဗျာသမား

❋ ငွေကြေးဥစ္စာ၊ မပိုင်ပါချေ
ငါပိုင်သည်မှာ၊ ကဗျာသာတည့်....။

❋ ရာထူးရှိန်ဝါ၊ မပိုင်ပါချေ
ငါပိုင်သည်မှာ၊ ကဗျာသာတည့်....။

❋ ငါ့ကဗျာသည်
ဘာသာလူမျိုး၊ ပြည်ရွာကျိုးကို
မြတ်နိုးတတ်ခြင်း၊ ဖွံ့စေခြင်းတည့်
ရင်တွင်းပြည့်ဝ၊ ထိုအလှဖြင့်
ဘဝခုံမင်၊ နှစ်သက်ရှင်ခဲ့
ငါလျှင်မိုင်ဘိ၊ ထိုပီတိကို
မည်သည့်အရာနှင့်မှ မလဲပြီ....။ ။

○



## ရစည်းခြင်း အစွန့်

* တစ်ပွင့်နှစ်ပွင့်၊ သုံးလေးပွင့်
  ပန်းပွင့်ပေါင်းရုံး၊ ပန်းတစ်ကုံးတည့်....။

* ပန်းတစ်ကုံးသည်
  ယုံကြည်သင်းမြ၊ လှလည်းလှ၍
  ပန်ကြူဆင်ကြ၊ မြတ်နိုးကြဖြင့်
  လောကအာလယ် တင့်တယ်ဘိ....။

* တစ်စ နှစ်စ၊ သုံးလေးစ
  လျှော်စရုပေါင်း၊ ကြိုးတစ်ချောင်းတည့်....။

* ကြိုးတစ်ချောင်းသည့်
အားကောင်းမာန်ကြွ၊ ခိုင်ကျည်လှ၍
သုံးကြစွဲကြ၊ နှစ်သက်ကြဖြင့်
လောကအလယ် ထင့်တယ်ဘိ....။

* ရှမ်း ချင်း ကချင်
ကရင် ကယား၊ ဗမာများတည့်
ညီဘွားနေခဲ့မူ၊ ပြည်ထောင်စုတည့်....။

* ပြည်ထောင်စုသည်
ချစ်ကြည်စိတ်ခေတ်၊ မြတ်သည်စိတ်မွန်
ကိုယ်စွန့်ကျေကြ၊ ညီညွတ်ကြ၍
ပျော်ကြရွှင်ကြ၊ ကြည်နူးကြနှင့်
ကမ္ဘာ့အလယ် တင့်တယ်ဘိ....။

○



## အသက်

❋ မိန်းကလေး....ငှဲ့
ရှုပ်ထွေးပွေယှက်၊ သစ်ရိပ်ခက်အောက်
သက်ပျော့ကနေရှာ၊ သားသည်းချာကို
သင့်မှာ ဘယ်တွက် စွန့်ရက်သနည်း....။

❋ ကိုးလလွယ်၍
ဆယ်လမှာဖွား၊ တန်ဖိုးထွားသော
သားဦးသနွေ့၊ သင်ဖျက်ချေ၏
အမေမစစ်၊ သောင်ပျော်ရစ်၍
မိုက်ညစ်ခဲ့ပြီ၊ အပျိုရည်ကြောင့်
သင်သည် ရက်စက်ခြင်းပေလော....။

❋ အပျို ရည်လျှင်
တည်ခဲ့သနွေ၊ သားစွန့်ချေက
လူနေပျိုမျစ် သစ်မည်လော....။

❋ သင်ကျူးပြုသည့်
ပြစ်မှုပုံသွင်၊ သင့်မိခင်လျှင်
မကြွင်မနော၊ ပြုခဲ့ပါသော်
သင့်မှာလူဖြစ် မလာပြီ
စိတ်မှာတွက်ချင့် ငဲ့သင့်သည်....။ ။

---

ပြစ်မှု
၁၉၇၂-အောက်တိုဘာ

## အလှဆင်ချိန်

❋ ရာသီခွင်
ကြည်လင်သန့်ရှင်း၊ မိုးလေကင်း
လမင်းကြည်စွာ၊ ထိန်ထိန်သာ
ကြာငါးမည်လှ၊ မွှေးထုံမြ
ဝါကျွတ်ချိန်၏ လပြည့်သည....။

❋ တောရပ်ရွာ
ရိုးရာထိန်းပြု၊ ယဉ်ကျေးမှု
ကုသိုလ်အလှူ၊ သီလယူ
ကြည်ဖြူတွဲလက်၊ က ခုန်လျက်
ဗုဒ္ဓထံတော် ဆီမီးဆက်....။

❋ မြို့ပြတွင်
တီထွင်ဖန်တီး၊ လျှပ်စစ်မီး
ထိန်ညီးပူဇော်၊ သရုပ်ဖော်
လှူတော်ဒါန၊ ဆောက်သီလ
ယဉ်ကျေးမှုလည်း ပွားများကြ....။

❋ သက္ကစ္စာ
ဂါရဝပွား၊ သက်ကြီးအား
သုံးပါးသောကံ၊ ဦးထိပ်ပန်
မွန်မြတ်သမူ၊ ပူဇော်ပြု
နတ်လူစုံစွာ ခေါ်သာဓု....။

❋ ပြည်မြန်မာ
ဒါန သီလ၊ မေတ္တာမျှ
မြို့ပြ တောနေ၊ မခွဲချေ
သည်မြေမှာဖွား၊ သည်လူသား
အားသစ်ဝေလျှံ၊ အမွေမှန်
ဆက်ခံထိန်းကြ၊ ဝါကျွတ်လ
လဝန်းအောက်ဝယ် လှလွန်းစွ....။ ။

ငွေတာရီ
၁၉၇၃ ခု အောက်တိုဘာ။

## ပန်းကလေးနှင့် ငါ

❋ ပန်းကလေးသည်
ရောင်သွေးစုံကြွ၊ လှလည်းလှ၏
မွှေးမြညင်းညင်း၊ သင်းလည်းသင်း၏....။

❋ စိတ်နေပျော့ပျောင်း၊ သူတော်ကောင်းတို့
ကျိုးကြောင်းဆင်လျက်၊ ဆယ်ချောင်းလက်ဖြင့်
နှစ်သက်ကြည်စွာ၊ စိန္တေယျာသို့
သဒ္ဓါဆပ္ပွား လှူမလား....။

❋ ရှုယ်သွေးစုံမြ၊ အပျိုမတို့
အလှအယဉ်၊ ကြွကြွလှင်ရန်
ကေမင်ဆံ၌၊ ပြုံးနှစ်ခြိုက်ဖြင့်
စိတ်ကြိုက်ရွေးသီ ပန်မလား....။



❋ မဥ္ဇရိယစိတ်
ယိုဖိတ်ကျလျက်၊ ပန်းဖျက်မှုဆိုး
ကိုင်း ချိုး, ပွင့်ခူး၊ ရှုံလူးလူး၍
ရှူးမူးနှင်းချေလေမလား....။

❋ ခြောက်....
အလှသန့်သန့်၊ ရနံ့ထုံထုံ
ဂုဏ်သတင်းမွှေး၊ ပန်းကလေး၏
ရှေ့ရေးအတွက်၊ တွေးဆလျက်ဖြင့်
ပင့်သက်ဖိုလှိုက် မောနေပြီ....။ ။

## ဖြိုးဖြူသို့

❋ ချိုတဲ့နေတုန်း
ငုံ့ကြည့်ပြုံးတော့
အပြုံးနောက်မှာ ဘာပါလိမ့်....။

❋ စည်ဖြိုးနေတုန်း
မော့ကြည့်ပြုံးတော့
အပြုံးနောက်မှာ ဘာပါလိမ့်....။

❋ အဘိဇ္ဈာ, မစ္ဆရိယ
မောဟတွေလား
ဘာတွေများလဲ
ခင်ဗျားသာသိ ပညာရှိ
ကိုယ့်စိတ်ကိုယ်ကြည့် အဖြေညှိ....။

●

# မြန်မာ့သမီး

❋ ပန်းရစ်လိမ်ကျေး
ရှေ့ရေးကောက်ကြောင်း၊ ဖြစ်တော်ပေါင်းတည့်
ဇာတ်ဟောင်းဖော်စီ၊ လက်ရာပီသည်
ယွန်းထည်လှစစ် ကျောက်ကာအစ်....။

❋ နံ့သာလိမ်းခြယ်
ရွှေဘိုနယ်ဖွား၊ သနပ်ခါးလည်း
နုပါးစိုပြေ (ပြည်)၊ ညက်ညောစေသည်
ထင်းဝေရနံ့ လှိုင်ရှုပျံ့....။

❋ အနုပညာ
လက်ရာမွေနှစ်၊ ယွန်းအစ်တစ်သွယ်
လိမ်းခြယ်လှပွား၊ သနပ်ခါးကို
ပိုင်ထားသသူ၊ မြန်မာသူ....ငဲ့....။

❋ ကမ္ဘာ့အလယ်မှာ
မြန်မာ့ဓလေ့၊ ရိုးသိမ်မွေ့နှင့်
ကြည်မြေ့စွဲနှစ်၊ မြန်မာဖြစ်ကို
ချစ်မြတ်နိုးသူ၊ မြန်မာသူ....ဟု
ဂုဏ်ယူဝင့်ကြွားစမ်းပါလေ....။ ။

---

ငွေတာရီ
၁၉၉၄–အောက်တိုဘာ

## ယနေ့ မြန်မာ့ပြည်

* ကမ္ဘာမှာ မြန်မာဟေ့
  ဝင့်ကြွား၍ အားမာန်ချီ....။

* အလှသစ် စွမ်းရည်မြင့်
  ကဏ္ဍဖွင့်ပြီ....။

* ကြွယ်ဝရမည်
  မြန်မာပြည်ရဲ့ ဝါဒ....။

* တိုးတက်ရမည်
  မြန်မာပြည်ရဲ့ ဝါဒ....။

* အေးချမ်းရမည်
မြန်မာပြည်ရဲ့ ဝါဒ....။

* အစစ အောင်မြင်လို့
ကမ္ဘာ့တစ်ခွင် ရင်ပေါင်တန်းရန်ပေါ့
မြန်မာ့အမြင် မြန်မာ့အစွမ်းတွေနဲ့
ကြိုးပမ်းအာ လက်ညီတဲ့
နွှဲ၍နေကြ....။ ။

---

ရေဒီယို ချိုတေးသံ
၁၉၇၀-မေ။

# ကွန်း

❊ ဘဝခိုမှီ၊ လှချီကြည်ပေါ့
စိတ်ရည်ကြံဆ၊ တွေ့ဘဝဖြင့်
ရှင်ပျခင်းဆဲ၊ နင့်ခနဲတည့်
အထဲ (သည်း) မီးအိမ်၊ ထိန်ထိန်လောင်ငြီး
နာကြည်းလှစွာ၊ ကြုံရပါပြီ
သာကြည်ဖွယ်ပင်၊ ကွန်းရိပ်ထင်လည်း
အမြင်ခြားခဲ့လေတကား....။

❊ ဩော်....ဘဝချီကြည်၊ အမှီမဟုတ်
ဖယ်ထုတ်ခွာချန်၊ လမ်းလှည့်ပြန်သော်
သံသာကြည်မြ၊ ခွန်းချိုလှနှင့်
ယုယကြင်နာ၊ တွေးပွေ့လှာ၏
ရင်မှာကြည်နူးရပြီကော....။

❊ အို... နှလုံးလှိုက်ဖြာ၊ ဦးခိုက်ပါမိ
နုစွာမြရှန်း၊ လှထုံမွမ်းသည့်
ကွန်းရိပ်မှီစစ်၊ စိတ်အသစ်နှင့်
တွယ်ချစ်မြတ်နိုး၊ ပျပ်ဝပ်ကျိုး၍
ခိုကိုးဘဝ မွေ့တော့မည်....။ ။

(မိဘနှစ်ပါးသို့)

●



## အေးရိပ်နှင့် ကျွန်တော်

※ ဆည်းလည်းသံလွင်၊ ကြည်ကြည်လင်နှင့်
ဆံရှင်ခေတ်စုံ၊ ရွှေတိဂုံသည်
အာရုံညွှတ်ခ၊ စိတ်ချမ်းမြသော
အလှုပြည့်စုံ အေးရိပ်ဂုဏ်....။

※ ကျုံး, မြို့ရိုးနှင့်
ပြအိုး, ပစ္စင် ရွှေပလ္လင်သည်
အားအင်တက်ကြွ၊ စိတ်ချမ်းမြသော
အလှုပြည့်စုံ အေးရိပ်ဂုဏ်....။

* စိမ်းလယ်ယာနှင့်
တမာပင်ရိပ်၊ ရှိုးမရိပ်သည်
ချွေးသိပ်လန်းကြ၊ စိတ်ချမ်းမြသော
အလှပြည့်စုံ အေးရိပ်ဂုဏ်....။

* ရှေးကံအတောင်း
အကြောင်းထောက်မ၊ အမွေရသည့်
ဘဝထွေးသိပ်၊ ကြည်နူးရိပ်ဟု
စိတ်ချမ်းမြမြ၊ မိုးပေါင်းခရာ
အလှပြည့်စုံ၊ ထိုထိုဂုဏ်ကို
အာရုံဖျောက်လျက်၊ ခွာဖယ်ထွက်မှု
ကျွန်ုပ်ထက်မိုက်သူ မရှိတကား...။



## ၍အလှူနှင့် ပတ်သက်၍

- ခရီးကွာလှမ်း၊ နေပူလမ်းတွင်
  ရေချမ်းစင်လေး ဆောက်ခဲ့သည်....။
- အများလူထို၊ နေရိပ်ခိုရန်
  ရိပ်ညိုသစ်ပင် စိုက်ခဲ့သည်....။
- ရိပ်ညိုသစ်ပင်၊ ရေချမ်းစင်သည်
  လူရှင်အများ၊ ခရီးသွားတို့
  ခိုနား, သောက်ရန် ဖြစ်ပါသည်....။

※ အနာဂတ်ကာလ၊ နောင်ဘဝတွင်
ပြည့်ဝချမ်းသာ၊ အဖြာဖြာနှင့်
ပညာအတတ်၊ အရပ်ရပ်တွက်
နှစ်သက်ရွှေ့ရှု၊ ဤကောင်းမှုကို
ပြုလုပ်ခြင်းကား မဟုတ်ပါ....။

※ ပုတ်ဝန်းကျင်ဝယ်၊ ဂုဏ်ပုဒ်ကြွယ်၍
လူလယ်ခေါင်တွင် ကျွမ်းတဝင်နှင့်
လူရှင်မြှောက်စား၊ သည်စကားကို
ကြားလို၍လည်း မဟုတ်ပါ....။

※ ဤခရီးကြမ်း၊ နေပူလမ်းသွား
ရဟန်းရှင်လူ၊ များပြည်သူတို့
ညည်းညူညစ်နွမ်း ကိုယ်စိတ်ပန်းက
စခန်းတစ်ထောက်၊ ရေချမ်းသောက်ပြီး
ဝင်ရောက်ခိုလျှင်၊ စိတ်ဘဝင်တို့
ကြည်လင်ရွှင်ပျ၊ ရှိခဲ့ကြသော်
စိတ်မှ နှစ်သက် ကျေနပ်ပြီ ..။

---

ချိုတေးရှင်
၁၉၆၇-ခုနှစ်။

## 'နှမ်းခုတ်ချိန်'

* မြို့မောင်းသံက ဒုဝေဝေ
ပုလွေက တစ်နေ့နေ့....။
* ဗိုးပတ်သံ အယိုင်က နဲ့
လူစုကြပေါ့....။
* သွားကြစို့ မောင်တို့ရေ
သွားမယ်ပေါ့ မယ်တို့ရေ....။
* အနောက်ဆို လျှိုခင်တန်းက
နှမ်းခင်းယာမြေ....။
* ခုချိန်မှ အတော်နေ
မြေလှမ်းတွေ သွယ်သွယ်နှော....။
* နေမြင့်လျှင် နေရှိန်ကြွလို့
ပူရချည့်ကျော....။
* ကိုယ့်ငန်းကို ကိုယ်ဝင်....။

❋ အမျိုးသမီး အမျိုးသားတို့
တစ်ယောက်ခြားစဉ်....။

❋ စပြီဟေ့ အလုပ်ခွင်
အားမာန်အင်စိုက်ထုတ်....။

❋ နှမ်းပင်တွေ မပျက်စီးအောင်
ထိန်းပြီးတောင့်နှုတ်...။

❋ ယာခင်းရှင် အော်နိုးဆော်....။

❋ သူ့ထက်ငါငန်း ရှေ့ရအောင်
ပြိုင်ကြပျော်ပျော်....။

❋ နေ့းရွှေ့ရောက် ကိုဖိုးမှော်
ခေါင်းမော်လို့ ဝင့်ဖြုံး....။

❋ အနား ဘယ်မယူဘူး
သူ့ချစ်သူ မမယ်ဖော့ကို
ကူပေါ့တကုန်းကုန်း....။

❋ နုတ်လိုက်ကြ မောင်တို့ရေ
နုတ်ပြီပ မယ်တို့ရေ....။

❋ တို့ထစ်တွေ စုပေါင်းအားက
စံထားနိုင်ပေ....။

❋ ပြီးပြီဟေ့ သည်ယာမြေ
နောက်ယာမြေ တစ်လှည့်ချဉ်း....။

❋ စုပေါင်းကာ နှမ်းနုတ်ပွဲ
အားခဲမာန်တင်း....။

❋ နှမ်းနုတ်ပွဲ ပြီးပြီလေ
ဗိုးပတ်တွေ အသံညီ....။

❋ မောင်းသံဒူ အာကဆန်းနဲ့
လှမ်းကြရှာထီ....။

❋ ဘုံအလှူ မြတ်ဒါနတွက်
ဘုံနုတ်ကြ နှမ်းခင်းတွေ
အားမာန်ဝေဆကဲ....။

❋ အညာဟန် သည်ဓလေ့
ကြည့်မွေ့ဆည်ပဲ....။

(လဲလူရှာ နှမ်းနုတ်ပွဲများသို့)

---

မြဝတီ
၁၉၇၀–စက်တင်ဘာ

## ဈာဓအေး ဆူ့မရိုက်

* မိဘကြေးတည့်၊ ဆပ်ဖို့ရှိလည်း
ရှိသည်သိလျက် ဆပ်ဖို့ခက်....။

* ဒါနမျိုးတည့်၊ စိုက်ဖို့ရှိလည်း
ရှိသည်သိလျက် စိုက်ဖို့ခက်....။

* ဘာဝနာတည့်၊ ပွားဖို့ရှိလည်း
ရှိသည်သိလျက် ပွားဖို့ခက်....။

* ဇရာရွယ်ကျ၊ ဘဝနေညို
သက်ဇိုယွင်းထိ၊ သိခဲ့ဘိလည်း
မဖြည့်နိုင်သေး၊ ဘဝရေးကြောင့်
ကံကြေးတင်လှာ၊ သံသရာ၌
ဖန်ခါလည်ငြား၊ ဆိုလည်းနားနှယ်
နားချိန်မရ ဖြစ်ရော့မည်
ဈာဓအေး ဆူ့မရိုက် ချာချာလည်....။

## လူ့ဘဝ အဓိပ္ပာယ်

❋ ကျောက်ဆစ်ရုပ်သို့
မလှုပ်မယှက်၊ နာမ်သက်ဖယ်ကြဉ်
တွယ်မင်မောဟ၊ အမှောင်ကျလျှင်
ဘဝအဓိပ္ပာယ် မဲ့လိမ့်တည့်....။

❋ ခြေတစ်လှမ်းသည်
လမ်းခရီးရှေ့(ရှည်)၊ မိုင်များထွေတွက်
အဖြေပေးမည့် ပဏာမ....

❋ လက်တစ်လှုပ်သည်
လုပ်ငန်းများစွာ၊ အဖြေပြမည့်
အစအမှန် ပဏာမ....

❋ စကားတစ်ခွန်းသည်
သိန်းသန်းများစွာ၊ နှုတ်ဝါစာတွက်
ဖြေလွှာပေးမည့် ပဏာမ....။

❋ အကောင်းအဆိုး
ကြောင်းကျိုးကြံဆ၊ ဉာဏ်အလှဖြင့်
ပြည့်နှန်ခဲ့ကာ၊ လူ့ရုပ်ရှာတွက်
သမ္မာသတိ၊ မှန်စွာညိလျက်
မှတ်သိလျောက်သွား၊ ခြေလှမ်းများ
မြတ်သိစွမ်းပွား၊ လက်ဟန်များ
ကပ်ငြိပြောကြား၊ စကားများ
မာန်အားပြည့်ဝ၊ လှုပ်ရှားကြွသော်
ဘဝအဓိပ္ပာယ် ပြည့်ပါလိမ့်
လောကတင့်တယ်ရှိလာချိမ့်....။ ။

ငွေတာရီ
၁၉၉၅-ဩဂုတ်။

# လမ်းပေါ်မှ လမ်းပျောက်နေသူများ

❋ သူများပြောလျှင်
သဘောမထင်၊ အတွေးညှိဖြင့်
တွင်တွင်ငြင်းလတ် စကားကပ်....။

❋ မှား၏ မှန်၏
ဉာဏ်သိမလေ့၊ စာအတွေ့ဖြင့်
ပြောချကြွားလတ် စကားမှတ်....။

❋ ရှေ့နောက်ကြောင်းရာ၊ အရာရာတွင်
စာတွေ ငါတွေ၊ ဝေဖန်ချိုသာ
ပျော်မွေ့နေလတ် စကားတတ်....။

❋ ကတ်, မှတ်, တတ်တည့်
ကျွမ်းလတ်စကား၊ ဆိုကြငြားလည်း
လှုပ်ရှားနေကြ၊ သည်လောကနှင့်
ဘဝမိုးအိမ်၊ လင်းလက်ထိန်ရန်
နှိုင်းချိန်သတိ၊ လက်တွေ့ဖြည့်သည့်
သိစိတ်ဖယ်ကြဉ်၊ အတွေးညှိကြောင့်
သင်တို့လမ်းစ ပျောက်နေပြီ....။

●



## ငါနှင့် ငါ့ပန်းပင်အကြောင်း

* တစ်ပွင့်ကြွေမင့်
ရင်နင့်ခြင်းငှာ ငါမဖြစ်....။

* နှစ်ပွင့်ကြွေစေ
ပြုံးပန်းဝေလှိုင် နေမြဲသာ....။

* အဟောင်းချုပ်သော်
ပေါ်မြဲအသစ်၊ ပုရစ်ဖူးငုံ
အမှုံအရွှ၊ အားမာန်ပြု၍
လာကြပေလိမ့် ဝေပေလိမ့်....။

* ငါ၏စိတ်ထဲ၊ လှဲ့သောအမြင်
ဆန့်ကျင်တော်လှန်၊ အသိမှန်တို့
လက်ခံပိုက်စွဲထားသည်လေ....။

* ငါ၏ပန်းပင်၊ အို....ပန်းပင်ငဲ့
ကြွေလျှင်ရဲရဲ၊ ဝေရမြဲနှင့်
ရှိနိုင်သမျှ၊ ရဲစွမ်းလှဖြင့်
ရဲပြလိုက်ပါ၊ ရဲလိုက်ပါလေ့
ငါ၏စိတ်ထဲ၊ လှဲ့သောအမြင်
ဆန့်ကျင်တော်လှန်၊ အသိမှန်ကား
အားမာန်ပြည့်စမြဲပြီလေ....။ ။

စံပြုန်
၁၉၉၃-ဩဂုတ်။



## အမြွတ်

* အတောင်စုံ၍
သိုက်မြုံခွာသွား၊ ငှက်အလားသို့
အင်အားကိုးကာ၊ ရေကြည်ရာတည့်
တစ်ရွာတစ်ကျေး၊ ထင်အတွေးနှင့်
မိဝေးဖကွာ၊ ခွဲထွက်ခွာသည်
မေတ္တာမွှောက်မှား သမီးသား....။

* အနေဝေးသည့်
ရင်သွေးချစ်မငြိုး၊ သားသမီးကို
ပွားစီးသောက၊ လွမ်းလျလျဖြင့်
တမ်းတ၍နေ၊ နွမ်းရှ၍ခွေတည့်

စမ်းရေသို့အေး၊ ပန်းသို့မွှေးစေ
ဆေးဖြေတောင်းဆု၊ ကောင်းအမှု
ကြောင်းပြုနေရ ငါ့ဘဝ....။

* ထိုခဏတွင်
"ဩော်....ငါ့မိငါ့ဖ၊ ငါ့နယ်ရှိစိမ့်"
သတိဆင်ခြင်၊ သိကြည်လင်၍
ရင်တွင်းပီတိ၊ လှိုက်ဖိုအိကာ
ဖမိကျေးဇူး၊ မြင်းမိုရ်ဦးကို
ကြည်နူးဝမ်းသာ၊ ဖူးတွေ့ပါပြီ
ရင်လှသိမ့်သိမ့်၊ ငြိမ့်ငြိမ့်ဝေ....။ ။

●

## တို့အမွေစစ်မို့ ချစ်မြတ်နိုးမလေ

* ရုစုနှစ်တို့
ဆင့်၍ရွှေ့တိုး၊ အားသစ်ပျိုးရင်း
ဖွံ့ဖြိုးလာသည့် မြန်မာပြည်....။

* ဆန်းစပါး ဂျုံ၊ စားသောက်ကုန်လည်း
ဖွံ့လုံကြွယ်ဝကြလေပြီ....။

* ရေနံ ကျွန်းသစ်
မြေနှစ်သတ္တု၊ အစုစုလည်း
ပြည်သူ့ကောင်းကျိုး ဖြာလေပြီ....။

* ဘာသာအရေး
မြှိုက်ဆေးမမွ၊ စာပေအလှလည်း
မြူးကြွလေတွင် ညင်းလေပြီ....။

❋ ဒေသစွဲနှင့်
သွေးကွဲလီလီ၊ မရှိပြီမို့
နေဥင်ညီလက်ယှက်၊ သိလက်နက်ကြောင့်
ပြည်ဖျက်ရန်လည်း တန့်လေပြီ....။

❋ လွန်ခဲ့ခေတ်များ
ခြားခဲ့ကာလ၊ ပစ္စက္ခမှ
ကာလရှည်ရစ်၊ ရာစုနှစ်တို့
ဆစ်၍တိုးတိုင်း၊ အားသစ်လှိုင်းဖြင့်
တိုင်းမြန်မာပြည်၊ ဥအောင်တေးစည်ရန်
ညီနောင်သားချင်း၊ ရည်ဆောင်အားနှင်း
ချစ်ချင်းလက်နက်၊ စွဲကိုင်လျက်
ထက်မြက်ကာကွယ်နေကြပြီ....။

●

## ပန်းတိုင်မပျောက်ပါ

❋ နေမရှိလျှင်
လပြည့်ဝန်းနှင့်၊ ခရီးလွှင့်မည်....။

❋ လရောင်ကွယ်လျှင်
ကြယ်ရောင်အားကိုး၊ ရှေ့ကိုတိုးမည်....။

❋ ကြယ်ရောင်မှိန်လျှင်
မီးအိမ်ထွန်းလျက်၊ တစ်ဖန်ဆက်မည်....။

❋ မီးအိမ်ပျက်လည်း
သက်ကြွေဆုံးတိုင်၊ စိတ်တည်ခိုင်လျက်
မတွန့်ဆုတ်ပူ၊ ယုံကြည်မှုဖြင့်
ရှေ့ရှုဦးတည်သွားဦးမည်....။

❋ အမှောင်ထုလျှင်
ယုံကြည်မှုမီး၊ ထိန်ထိန်ညီးကို
တားဆီးနိုင်စွမ်း မရှိတကား....။

ချိုတေးရှင်
၁၉၇၀-ဇူလိုင်။

## မိဘမေတ္တာ

* ဆိုးမိုက်သူဟု
ဖြစ်ယူဆကာ၊ စိတ်မှာရွံရှာ
ဖဲကြဉ်ခြင်းလည်း မပြုပါ....။

* လိမ္မာသူဟု
ကြည်ဖြူဆပွား၊ စိတ်မှာခြားရှာ
ချစ်အားကိုလည်း မပိုပါ....။

* တစ်စိတ်တည်းသာ
မေတ္တာစစ်စစ်၊ ချစ်သွေးညီညီ
ကြည်ဖြူမျှမျှ၊ မှန်မြတ်စွာဖြင့်
လှုပသစ္စာ၊ ခိုင်ကျည်လာခဲ့
ကမ္ဘာနှစ်များ၊ ရွေ့ကုန်ငြားလည်း
လျော့ပါးသွားသည် မရှိတကား... ။

ငွေတာရီ
၁၉၉၄-ဩဂုတ်လ။

## လက်ကျန်ဘဝ

* သားကြီးက စစ်ဇာနည်
  သတ္တိပိုလှတယ်လေး....။
* များပြည်သူ နေပြိမ်းချမ်းဖို့အောင်
  နယ်ပယ်စွန့်စစ်ရှေ့တန်းမှာ
  သောင်းကျန်းနှိမ်ပေး....။
* သားလတ်ကဆရာဝန်
  တတ်ပွန်သည်ခွဲစိတ်ရေး... ။
* များပြည်သူ့ရောဂါမှုကို
  စေတနာရင်မှာစု
  ဆေးကုသပေး ...။
* သမီးငယ်က ကျောင်းဆရာ
  မြတ်ပညာ ဖြန့်ဝေပေး....။
* ပြည်သူသားမှန် နိုင်ငံတစ်ခွင်မှာ
  ခံမှာဝင်ခွင်းလှာ လပြည့်ဝန်းသို့
  ထွန်းလင်းစေရေး....။

* သွားသမီး သူတို့မှာ

* တတ်သိရာ ပညာစွမ်းနဲ့
ထမ်းဆောင်ကြပါ....။

* ဝေါလည်း ဝေါ့စွမ်းရာ
ချိန်ရှိခါ ကျေစေဖို့....။

* ဇရာထောင်းသော်လည်း
စိတ်ညောင်းတာ မတွေ့ဝေဘူး
သည်လိုနေ သည်လိုစား
သည်လိုသွား သည်လိုကြံ–မှု
ဖိပိ ခန့်စီမံတဲ့ဖြင့်
စိန္တထုံ ဝေနေယျာတွက်
ဘာဝနာ ရင်မှာဖြစ်
မေတ္တာတွေပို့....။ ။

ဝ

## နှင်းမှုန်ကြားမှာ

❋ ငွေနှင်းမှုန်မှုန်
ဝတ်ရုံဇာလွှမ်း၊ မြောက်ခလဖြန်းပက်
အေးချမ်းကြည်မြ၊ လဇန်နဝါ....။

❋ ဇန်နဝါရီ
ဝေစီနှင်းပုလဲ၊ သွန်းဖြန့်ဆဲဝယ်
ရဲခနဲနီ၊ ကြည်ခနဲလက်
ပြက်ခနဲလွင့်၊ ဝင့်ခနဲကြွ
မြန်မာ့လွတ်လပ်ရေး အောင်လံတော်....။

❋ ထိုအောင်လံသည်
နိုင်ငံရိပ်မြုံ၊ ဂုဏ်ယူဝင့်ကြွား
မြင့်မားသိက္ခာ၊ ဖိုးထိုက်စွာမို့
ကမ္ဘာအရှိ၊ တို့ဓါလက်ထဲ
ခိုင်မြဲတည်လျက်၊ လူလူလက်ရန်
လက်ခတ္တဆန္ဒ၊ ပေါင်းစည်းကြလျက်
နှင်းမြဇာလွှမ်း၊ ဆောင်းချမ်းချမ်းဝယ်
လျှမ်းတင့်ဆင်နွဲ၊ လွတ်လပ်ပွဲ....
တစ်ခဲနက်ကြွေ့၊ သူဝါမွေ့စဉ်
ရွှေ့မှုရောင်နီ လက်လက်လွင်....။ ။

## လူ့အကြောင်း

❋ ကိုယ့်ကိုထိလျှင်
မချိအောင်နာ၊ ဒေါသပါ၏....။

❋ သူ့ကိုထိလျှင်
ကလိလျက်သာ၊ ဝမ်းမြောက်လှာ၏။....

❋ ကိုယ့်၏အရေး၊ သာဖက်ပေးလျှင်
ရင်အေးကြည်စွာ၊ မြှူးဝေဖြာ၏....။

❋ သူ့၏အရေး၊ သာဖက်ပေးလျှင်
တွေးပင့်သက်ဖြာ၊ မဲ့လျက်သာတည်....။

❋ မွှား၏ မှန်၏
ဉာဏ်သိလော့လာ၊ မစိတ်ဖြာချေ
ငါမှ ငါသာ၊ အဘိဇ္ဈာတို့
စိတ်မှာပြည့်သိပ်၊ မိုးမှောင်ရိပ်နှယ်
တစ်လိပ်လိပ်တက်၊ မောဟဖက်နှင့်
ရမ္မက်လောဘ၊ နှိမ်မရ၍
ဒေါသပြန်သတ် ဆိုးလေဘိ
လောကရန်ဇာတ် တိုးနေ၏....။ ။

## ငါးရက်ဈေး

* အလှည့်ကျ ငါးရက်ဈေး
  စုံတဝေး ခင်းကြပေ....။
* ပတ်ဝန်းကျင် ကျေးရွာများက
  အားထားမျှော်နေ....။
* ကိုင်းကျွန်းထွက် သီးနှံတွေ
  စုံလင်နေသည်တကား....။
* ငရုတ်, ကြက်သွန်
  ဒန့်ဒလွန်, ကြက်တင်းခါး
  ပဲဇောင်းလျား, ခရမ်းချဉ်နှင့်
  နံနံပင်, ပြောင်း, ဆတ်, လူး
  ဘူး, ဖရုံ, သခွား....။
* ထန်းလျက်, စဉ့်အိုးများနှင့်
  သား, ငါးစိမ်း စုံလှပါ....။
* တောင်း, ဆန်ကာ, ဆန်ကော
  တောင်းခါလက်ရာ....။
* ပခုံးထမ်း ခေါင်းရွက်
  နွားလှည်းထက် တည်ခင်းလှာ
  စည်ကားစွာ တသောသော....။

* သူ့ပစ္စည်း ငါဝယ်
ငါ့ပစ္စည်း သူဝယ်နှင့်
အလှယ်လှယ် ရောင်းဝယ်ရေးက
စျေးရှုပ်သဘော....။

* တောင်တွင်းကြီး, မြို့လုလင်....။

* မြို့သစ်, နတ်မောက်, သများ
လှည့်သွားစီစဉ်....။

* တစ်မြို့ထွက် တစ်မြို့ဝင်
ငါးရက်တွင် တစ်စျေး....။

* သည်ဓလေ့ သည်မှုက
ချစ်ကြည်ဖြူ စုတစ်စည်းပေပေါ့
နည်းယူစရာ တကယ်ကောင်းလှချည့်
ခေါင်းပုံဖြတ် ထိုသူတွေနှင့်
စျေးသောကို အခြေဖြတ်ပါတဲ့
မြေလတ်နယ် စျေးရှင်များက
အသိအမြင် ဆင်ခြင်ဗွားရန်
အားအပြည့်ပေး....။ ။

---

မြဝတီ
၁၉၄၇-ဇူလိုင်။



## ရှုလှည့်ပါ၊ မြန်မာ့အလှ

* စစ်ကိုင်းတောင်
  မှိုင်းပြာရောင် စိမ်းညိုညို....။

* ထုံးဖြူဖြူ စေတီဘုရား
  ဝပ်တွားကြစို့....။

* ရွှေးခေတ်ဟောင်း မြို့ပုဂံ
  လှမ်းလျှောက်ပြန် လေ့လာစို့....။

* အနုပညာလက်ရာဆန်းက
  လွမ်းရင်မှာဆို့....။

* မန္တလေးမြို့ ရတနာပုံ
နန်းဆောက်အုံ ရှမခန်း....။

* မြန်မာ့အသွင် မြန်မာ့ဘုန်း
သိမ်းကျုံးမြင်မှန်း....။

* အရှေ့တိုင်း ရှမ်းတစ်ခွင်
တောင်စဉ်တို့ အထပ်ထပ်....။

* လက်ဖက် သီးနှံ လျှံကြွယ်ဝ
အားရကျေနပ်....။

* မြောက်ပိုင်းက ရတနာမြေ
အလျှံတွေ တစ်ဝင်းဝင်း....။

* ပြည့်ဝင်ငွေ ဆထက်တိုး
ဖိုးထိုက်ဘိခြင်း....။

* နောက်တောင်ရပ် ကမ်းမြောင်သွယ်
ပန်းဖြေဖွယ် ချမ်းအေးမြ....။

❋ သဘော်ထွက်ဝင် ပင်လယ်လမ်း
ဆိပ်ကမ်းအလှ....။

❋ အောက်ရပ်တိုင်း စပါးကျီ
မြန်မာပြည်ရဲ့ ရိက္ခာမှူး....။

❋ စားမကုန် ဈေးကွက်ဖွင့်
မြင့်ဘဏ္ဍာထူး....။

❋ ဘက်ပေါင်းစုံတဲ့ မြန်မာပြည်
ဖိတ်ခေါ်ပါသည် မိတ်အများ....။

❋ မေတ္တာ ကရုဏာနှင့်
အကြင်နာ စေတနာမိုးရယ်နဲ့
သွန်းဖြိုး တစ်စွေစွေပါ
ညှော်ဝတ်ကျေ မြန်မာမှုအလှ
ရှုကြပါလား....။ ။



## အတိတ် ပစ္စုပ္ပန် အနာဂတ်

❋ ရှေ့သို့မျှော်လည်း
ကော်ရော်ညွှတ်တွား မြတ်ဘုရား....။

❋ နောက်လှည့်ကြည့်လည်း
ဖူးမိခါခါ ဘုရားသာ....။

❋ လက်ဝဲဆိုလည်း
ကြည်ညိုဝပ်တွား၊ မြတ်ဘုရား....။

❋ လကျ်ာခွ်လည်း
ဦးခိုက်မိလှာ ဘုရားသာ....။

❋ မင်းနှင့်ပြည်သူ
ပြည်သူနှင့်မင်း၊ ကြည်ဖြူခြင်းဖြင့်
ပြည်တွင်းအလှ၊ တည်ဆောက်ကြလျက်
မြို့ပြပြည်ရွာ၊ အေးချမ်းပါ၍
သာသနာရေး၊ ဘာသာရေး၏
မြိုက်ဆေးတရား၊ သောက်သုံးသွားသည်
ဘုရားစေတီသက်သေတည်း....။

❋ အို....အတိတ်ဆီမှ
အလှဖြာဝေ၊ ပုဂံမြေနှယ်
တို့တွေကြိုးပမ်း၊ တည်ဆောက်စွမ်းစို့
ဘေးဘျမ်းသွေ့ခွာ မြေမှန်စွာ
အေးချမ်းဝေဖြာ ရွှေမြန်မာ....။ ။

●

❋ မင်းနှင့်ပြည်သူ
ပြည်သူနှင့်မင်း၊ ကြည်ဖြူခြင်းဖြင့်
ပြည်တွင်းအလှ၊ တည်ဆောက်ကြလျက်
မြို့ပြပြည်ရွာ၊ အေးချမ်းပါ၍
သာသနာရေး၊ ဘာသာရေး၏
မြိုက်ဆေးတရား၊ သောက်သုံးသွားသည်
ဘုရားစေတီသက်သေတည်း....။

❋ အို....အတိတ်ဆီမှ
အလှဖြာဝေ၊ ပုဂံမြေနှယ်
တို့တွေကြိုးပမ်း၊ တည်ဆောက်စွမ်းစို့
ဘေးဘျမ်းသေ့ခွာ မြေမှန်စွာ
အေးချမ်းဝေဖြာ ရွှေမြန်မာ....။ ။

●

## လွှမ်းအားမပိုနိုင်သူများ

❋ တစ်မိုးသစ်၍
ရပ်ရှစ်ခွင်တိုင်း၊ အုံ့ညိုဆိုင်းသည်
မှုန်းတိုင်းလွှမ်းဖွယ်သာတကား....။

❋ သဘာဝလျှင်
လွှမ်းဖွဲ့စနှောင်၊ လွှမ်းရိပ်ရောင်ဖြင့်
လွှမ်းအောင်လှည့်စား၊ မာယာများလည်း
ယောကျ်ားဟဲ့ငါ၊ အားသစ်ဖြာသည်
လယ်ယာလုပ်သား ဦးကြီးများ....။

❋ သီးနှံအသက်၊ ဩဇာတက်ရန်
ထွန်ကွက်ဟူသမျှ၊ နွားချေးချ၍....။

❋ ကိုယ်ဟန်ဖွံ့ထွား၊ ခြံပေါက်နွားလည်း
ခိုင်းသားခံ့လင့်၊ ထမ်းပိုးကျင့်၍....။

❋ လယ်ပြင်ညက်မွ၊ သမန်းကျအောင်
လို့လစိုက်ပေ၊ ထွန်ရေးမွှေ၍....။

❋ ယာပြင်မြေမွ၊ ထွန်ရေးလှအောင်
လို့လစိုက်မွေး၊ ထွန်ကြောင်းပေး၍....။

❋ ယမန်နှစ်က....
နှစ်ချုပ်စာရင်း၊ လှခဲ့ခြင်းကြောင့်
သက်နှင်းသားလှ၊ ရှင်ပြုရလျက်
ဗုဒ္ဓအမွေယူခဲ့ပြီ....။

❋ စွမ်းအားဖူးသစ်၊ ယခုနှစ်လည်း
နှစ်သက်ကြည်စွာ၊ ဆောင်ရွက်ရာများ
စိတ်မှာတွေးလျက် စီစဉ်နေ ...။

❋ တစ်မိုးသစ်၍
ရပ်ရှစ်ခွင်တိုင်း၊ အညို့ဆိုင်းလည်း
စိတ်လှိုင်းကြွကာ၊ မလွမ်းသာပြီ
လယ်ယာဝင်ကြ၊ မာန်ဝင့်ကြွနှင့်
ဘဝသရုပ် ပီပြင်တကား....။ ။

❋ ကောက်စပါးလျှင်
ရွှေစင်လို့ဆိုချေလျက်....။

❋ လုပ်အားသာ ရင်းမစိုက်က
ခေါ်ထိုက်ဖို့ခက်....။

❋ ကျွန်းသစ်လျှင်
ရွှေပင်လို့ဆိုချေလျက်....။

❋ လုပ်အားသာ ရင်းမစိုက်က
ခေါ်ထိုက်ဖို့ခက်....။

❋ မြေအောက်ရေနံခဲ
ရွှေမဲလို့ဆိုချေလျက်....။

❋ လုပ်အားသာ ရင်းမစိုက်က
ခေါ်ထိုက်ဖို့ခက်....။

❋ ကျောက်သံပတ္တမြား
ရွှေသားလို့ဆိုချေလျက်....။

❋ လုပ်အားသာ ရင်းမစိုက်က
ခေါ်ထိုက်ဖို့ခက်....။

❋ မြေအောက်နဲ့ မြေပေါ်မှာ
သဘာဝရတနာ ပေါကြွယ်လျက်....။

❋ လုပ်အားသာ မရှိကာင်းက
ယင်းကုန်ကိုဘယ်လိုထုတ်လို့
ဂုဏ်ပုဒ်မှန် တန်ဖိုးစစ်
ထွန်းသစ်ဖို့ခက်....။

❋ တကယ်တော့ လုပ်အားသာ
ရတနာ ရွှေအနှစ်

❋ ပြည်သူပြည်သား
လုပ်အား အခြေခိုင်ခိုင်နဲ့
အမွေပိုင် သည်မြေသာမှ
သူ့ဝန် ကိုယ့်ဝန် ကျေပွန်စွာပေါ့
သယံဇာတကုန်တွေထုတ်လို့
ရတနာဂုဏ်အင်ပုဒ်ကို
ဖော်ထုတ်ဖွင့်လှစ်....။ ။

လုပ်သားဂျာနယ်
၁၉၇၃–ဇန်နဝါရီ။

●

## အမိရွာကို တို့ချစ်သည်

❋ ရိုးမ အထက်
မိုးသက်ခြိမ့်ရွာ၊ ရေကျလာလည်း
လာခိုက်ခဏ မြင်လိုက်ရ....။

❋ တူးမြောင်းမရှိ၊ ဆည်မရှိမို့
ကျသည့်ရေလျှံ၊ လျှောမျောက်စင်ပြီ
မြေပြင်ထိးတည်း ကျန်ရစ်ပေါ့....။

❋ ဇွဲနှင့်ယာခုတ်၊ တောင်သူလုပ်လည်း
လုပ်အားလည်းဆုံး၊ မျိုးစေ့ရှုံးနှင့်
လူလုံးမလှ ယာခင်က....။

❋ မာန်နှင့်လယ်ဆင်း၊ လုပ်အားနှင်းလည်း
ပျိုးခင်းမြင်ရ၊ မျိုးမရ၍
ဘဝမလှ စိတ်မောတ်ကျ....။

❋ မိုးခေါင်ရပ်ဝန်း၊ ခြောက်သွေ့လွန်းစွာ
ကန္တာရသွင်၊ အမြင့်အတွေ
မေ့ဖွယ်အလှ၊ ကင်းခဲ့ရလည်း
မိဖရပ်ရွာ၊ တို့ရပ်ရွာပင်
ယာမြေသီးပင်၊ လန်းလန်းရှင်ရန်
တို့လျှင်အချစ်၊ မြတ်နိုးသစ်လျက်
မိုးသက်ခြိမ့်ရွာ၊ ကျရေလာကို
လာခိုက်ဓဏ၊ ဆည်တည်ကြကာ
ကျနသိုလှောင်၊ မြောင်း,ဘောင်,ရေလွှဲ
ဇွဲနှင့်ဘက်ယှဉ်၊ ပေါင်းစုပြင့်မို့
လယ်ပြင်စိမ်းမြ၊ ယာလည်းလှနှင့်
ဘဝအနေတင့်ပေသည်
မြန်မာ့အိုးအောစစ်ဖြစ်နေပြီ….။ ။

(မြို့သစ်မြို့နယ် လဲလူကျေးရွာ ဆည်မြောင်းစီမံကိန်းသို့)

○

# ရတနာ့ကဗျာစု

(စိန်)

※ အဆင်းဖြူစွာ
ရှိလေပါမင့်
စိတ်မှာခက်ထန်လှသူလေး....။

(မြ)

※ မပြောမဖြစ်
ပြောရရစ်အုံ့
ချစ်သူ့အသား ဝါဝါဝင်း....။

(ငွေ)

※ အဆင်းလည်းဖြူ
အချင်းဖြူသည်
ချစ်သူမိန်းမမြတ်ကလေး... ။

(ပတ္တမြား)

※ ချစ်သူကြည်သာရေး
ထုတ်ယူပေးမည်
နီစွေးလေသော ကိုယ့်အသည်း....။

(မြ)

❋ ချစ်သူမုန်းပွား
ကျိန်စာလားထင့်
ကျောက်သား မာမာရင့်ရင့်စိမ်း….။

(မဟူရာ)

❋ ဝေ့ဝိုက်ကြည့်ရစ်
သည်းတွင်နှစ်သည်
ချစ်သူ့မျက်ဝန်း မည်းမှောင်မှောင်

(ပုလဲ)

❋ ချစ်သူမုန်းသည်
သိရပြီမှ
ကိုယ်သိပေးသော မျက်ရည်ဥ….။

(နီလာ)

❋ ချစ်သူပစ်ခွာ
ကျန်ရစ်ပါသော်
ရင်မှာလောင်သည့်မီးနီနီ….။

သွေးသောက်
၁၉၇၀-မတ်။

## အို-အသင်

❋ ထိကရှုန်းသည်
ပင်စည်မှထွက်၊ ဆူးလက်နက်နှင့်....။

❋ ပင်စည်အတိ
ဆူးတွေရှိလည်း
ကျူးသည့်သူ့ရန်၊ တုံ့မပြန်....။

❋ နှင်းဆီသည်
ပင်စည်မှထွက်၊ ဆူးလက်နက်နှင့်....။

❋ ရှိသည့်ဆူးနှင့်
ကျူးသည့်ရန်ဖက်၊ တုံ့ပြန်လျက်....။

❋ ထိကရှုန်းလား....
နှင်းဆီလား....
ခွဲခြားသိသူ၊ နေရာယူလေ
ပြည်သူဖြစ်သော အို....အသင်....။ ။

# အို–အသင်

❋ ထိကရုန်းသည်
ပင်စည်မှထွက်၊ ဆူးလက်နက်နှင့်....။

❋ ပင်စည်အတိ
ဆူးတွေရှိလည်း
ကျူးသည့်သူ့ရန်၊ တုံ့မပြန်....။

❋ နှင်းဆီသည်
ပင်စည်မှထွက်၊ ဆူးလက်နက်နှင့်....။

❋ ရှိသည့်ဆူးနှင့်
ကျူးသည့်ရန်ဖက်၊ တုံ့ပြန်လျက်....။

❋ ထိကရုန်းလား....
နှင်းဆီလား....
ခွဲခြားသိသူ၊ နေရာယူလေ
ပြည်သူဖြစ်သော အို....အသင်....။ ။

## အနုပညာစွမ်းအား

❋ ကျေးသိမ့်မွေးသိ၊ စည်ဗျောသံနှင့်
အလျှံဖျတ်ဖျတ် လွှမကျောပ်....။

❋ မကျောပ်ရှေ့ဝယ်၊ မျက်နှာငယ်ဖြင့်
သားငယ်လက်ဆွဲ၊ ခွက်ကိုင်စွဲလျက်
ဝမ်းထဲမှတ်ဆာ၊ ပြေအံ့ဌာလျှင်
မျက်လွှာကိုချ၊ ကျိုးနွံမြဲ၍
နှုတ်ဖွတောင်းရန် ပြင်နေစဉ်....။

❋ ဆိုင်းချက်အနှိုး၊ စိတ်နိုးလှုပ်ကြွ
သားလှုမျက်ခြယ်
ရယ်ရွှင်ပြုံးလျက်၊ ကကြိုးသွယ်သော်
မျက်နှာငွေလ၊ မိတိလှလျက်
သောကပြိုဆင်း၊ ကြည်နူးခြင်းဖြင့်
ထမင်းတောင်းရန် မေ့ပြီတည်း....။ ။

## ပင်လုံစိတ်နှင့်တို့ပြည်သူ

* စည်းခဲ့သည်တည့် စည်းခဲ့သည်…။
* တိုင်းရင်းသားတွေ စုတဝေး
  သွေးစည်းခဲ့သည်….။
* ပင်လုံမြို့ သက်သေတည်
  ဆောက်တည်ခဲ့ နေ့တစ်ပါး….။
* တို့ပြည်ထောင်လွတ်လပ်မှုတွက်
  ဖွဲ့ပြုတကား….။
* လွင်ပြင်နှင့်တောင်တန်း
  တောင်တန်းနှင့်လွင်ပြင်….။
* စားဝတ်နေ အခြေကွဲလို့
  စကားတွေဘယ်လိုလွဲပေမင့်
  မခွဲစိတ်သွင်….။
* ပြည်ထောင်မှာ ညီနောင်ရင်းမို့
  ရိုင်းပင်းလို့ ပျော်ရွှင်
  မြှော်မြင်ကြတရား….။

❋ ကိုယ့်ပြည်ထောင် သာယာရေးတွက်
အတွေးညီတူနဲ့
ကြည်ဖြူစွာ ဖွဲ့စည်းဖို့
ပြည်သူ့ အင်အား....။

❋ ပြည်သူဖွဲ့ အင်အား
အင်အားဖွဲ့ ပြည်သူ....။

❋ နယ်ချဲ့သူ စက္ကူကျားနဲ့
ဟန့်တားယူ ဘယ်သူဖျက်ပေမင့်
မပျက်ရည်တူ—။

❋ ပြည်ထောင်မှာ ညီနောင်ရင်း
သွေးချင်းခွဲ ပြည့်ရန်သူ
သက်မမူ စိတ်ဝင့်ကြွား....။

❋ ကိုယ့်ပြည်ထောင် ဂုဏ်ရောင်ဖိတ်စေဖို့
အသွင်စုံ ပင့်လုံစိတ်ကယ်နဲ့
လက်ချိတ်ကာ ညာတညီပ!
ဘာမထီ ဇာနည်ဇွဲတွေနဲ့
ဖြိုခွဲမည်တကား....။ ။

ရေဲဒီယိုချိုတေးသံ
၁၉၇၂–ဖေဖော်ဝါရီ

### အချိန်

※ သင်ဖန်တီးသည့်
ခရီးနှင့်ညွှန်း၊ ဖြတ်ကျော်ကြ၍
များစွာသက်ရှိ၊ အိုကြဘိလည်း
အလှည့်မရောက်၊ လမ်းတစ်လျှောက်မှာ
တောက်ပမြဲပင်၊ ပျိုလွင်လွင်တည့်
အသင်အိုခဲနိုင်တကား....။ ။

တိုင်းရင်းမေ
၁၉၆၉-နိုဝင်ဘာ

## ပြည်သူထဲသို့ လှမ်းဝင်ခြင်း

❋ အတွေးအခေါ်
မြော်မြင်ကြံဆ၊ သိကြည်ကြလျက်
ဉာဏလုပ်သား၊ စွမ်းရည်ပွားကာ
အနားမနေ၊ အမိမြေကို
သာစေဖန်တီးနေကြသည်....။

❋ အလုပ်မရွေး
ချွေးသွေးစီးကျ၊ အားမာန်ကြွလျက်
ကာယလုပ်သား၊ စွမ်းရည်ပွားကာ
အနားမနေ၊ အမိမြေကို
သာစေ ကျိုးပြုနေကြသည်....။

❋ အသက်မရှံ့၊ အနှံ့တောတောင်
လျှိုမြောင်ကျော်ဖြတ်၊ စွဲသေနတ်ဖြင့်
တပ်မတော်သား၊ စွမ်းရည်ပွားကာ
အနားမနေ၊ အမိမြေကို
သာစေရန်ကာနေကြသည်....။



❋ ဤပြည်သူသား၊ သိတရားဖြင့်
ပွားကြတဝန်၊ ပွန်ကြပြည်ကျိုး
အလှတိုးချိန်၊ ငါကျိုးသာကြည့်
အတ္တဖိကာ၊ လမ်းလွဲပါသော်
ငါသာကျရှုံးရပေလိမ့်....။

❋ ငါလည်းပြည်သူ၊ သိနိုးကူ၍
ညီတူလျှောက်လှမ်း၊ သမိုင်းလမ်းမှာ
စွမ်းရာရာမှ၊ တာဝန်မျှမည်
အလှဝေဖြာ၊ ဤမြေသာတွက်
ငါသည်တစ်အားဖြစ်စေအံ့..။ ။

မြဝတီ
၁၉၇၂-နိုဝင်ဘာ

## အားဆေး

❋ စားဝတ်နေရေး
ငွေကြေးရှာဖွေ၊ ကိုယ်စိတ်ကျေလျက်
ဆူဝေလိုက်လိုက်၊ ရင်မီးမြိုက်ကာ
မှောဟိုက်ညှိုးနွမ်း ပူလောင်လည်း....။

❋ တစ်နေ့ညှိုး၍
မိုးချုပ်ချိန်တန်၊ အိမ်အပြန်ဝယ်....။

❋ ဇနီးမယား၊ သမီးသားတို့
ပြေးလွှားကြိုကြ၊ ခွန်းချိုမြတည့်
ကြားရထိုစဉ်၊ အားသစ်ဝင်၍
ပင်ပန်းသမျှ၊ လျော့ပြေကျကာ
ရင်မှပီတိဖြာဖြာဝေ
ဘဝရှေ့ရေးဝင့်ပြန်ပေ..။ ။

●



ဒုက္ခသိမှ သုခရ

❋ သန္ဒေကာလလ၊ ဇာတိစ၍
ဘဝတစ်ဆစ်၊ သက်ရှိဖြစ်လည်း
ဖြစ်မှုမမြဲ ဝဋ်ဆင်းရဲ.....။

❋ ကိုးဆယ့်ခြောက်ဖြာ
ဝေဒနာဆိုး၊ ဗျာဓိမျိုးတည့်
ဆိုးကျိုးနှောင်တဲ ဝဋ်ဆင်းရဲ ....။

❋ လှုပနှုပျို
အရွယ်အိုမင်း၊ ဇရာညှဉ်း၍
ယိုယွင်းဖောက်လွဲ ဝဋ်ဆင်းရဲ....။

* ဘဝတကျော၊ ငြိတွယ်တာ၍
မရှုံးဘာသူ့လက်၊ ရိုက်ချိုးဖျက်တော့
သက်ကြွေဆုံးမြဲ ဝဋ်ဆင်းရဲ ။

* ဇာတိ ဇရာ
ဗျာဓိ မရဏာ၊ ထိုလေးဖြာကား
ချမ်းသာကင်းရစ်၊ ဆင်းရဲဖြစ်ကြောင်း
ရှင်ချစ်ဗုဒ္ဓေ၊ ခွန်းနှုတ်ခြွေခဲ့
မသေမပျောက်၊ ထိုလေးယောက်နှင့်
ရှုံ့ကြောက်ဝေးလို၊ ချမ်းမြေ့လိုက
မလိုဒေါသ၊ လိုလောဘနှင့်
မောဟာထန်ကဲ၊ မိုက်မှောင်ခွဲ၍
သိစွဲဉာဏ်ဆာ၊ သံဝေဂဖြင့်
ပုညလယ်ယာ၊ လုဝေဖြာရန်
သူငါစွမ်းဆောင်မှ ဧမင်း....။ ။


ဓမ္မပဒေသာ

○

❋ ခေါင်းရိုက်မလား
ရိုက်စမ်းပါလေ၊ ခေါင်းကွဲချေလည်း
မသေနိုင်သေး၊ စွမ်းသည့်ဆေးက
သေဘေးလက်မှ ကယ်ထုတ်လိမ့်....။

❋ လက်ချိုးမလား
ချိုးစမ်းပါလေ၊ လက်ကျိုးချေလည်း
မသေနိုင်သေး၊ စွမ်းသည့်ဆေးက
သေဘေးလက်မှ ကယ်ထုတ်လိမ့်....။

❋ ခြေဖြတ်မလား
ဖြတ်စမ်းပါလေ၊ ခြေပြတ်နေလည်း
မသေနိုင်သေး၊ စွမ်းသည့်ဆေးက
သေဘေးလက်မှ ကယ်ထုတ်လိမ့်....။



* သူ့ဝူးကပ်စွဲ၊ သူ့ညှဉ်းဆဲမှု
ရိုက်ခွဲဖြတ်ချိုး၊ ထိုဖြစ်မျိုးထက်
ဆိုးကျိုးသက်ရောက်၊ ငါးပါးမှောက်လိမ့်
ပျောက်သည့် စွမ်းသည့်၊ ဆေးမရှိပြီ
တစ်ရိရိညှိုး၊ ရိုးတွင်းဆီခန်း
တစ်နွမ်းနွမ်းဖြစ်
ရေတိမ်နစ်ကာ ဆုံးပါးချိမ့်....။

* အို....သူဆိုသောသူ
လူအညွန့်ချိုး၊ နံပါတ်ဖိုးတည့်
စိုးမိုးမခံ၊ အသိဉာဏ်ဖြင့်
တွန်းလှန်ဖျက်ကြ၊ ဖယ်ထုတ်ကြစို့
လောကလှပန်း ဝေရန်တကား....။ ။

(မူးယစ်ဆေး ကင်းဝေးရေးသို့)

○

# အဆိပ်

❋ မာန်စွယ်မြင့်ကြွ
ဒေါ်သလျှံဖိတ်၊ မြွေအဆိပ်လား....။
စွယ်ထိပ်ဖျားတွင် တည်သည်လေ....။

❋ ဒေါသဆိုးတောက်
ကင်းမြီးကောက်များ၊ အဆိပ်လား
မြီးဖျားရပ်တွင် တည်သည်ပေါ့....။

❋ သည်းကိုးဖြာမှုး၊ သကာလူးကျံ
မာယာလျှံဖိတ်၊ မ အဆိပ်လား....
နှုတ်ဖျားလှတွင် တည်သည်-တဲ့....။

❋ ဥစ္စာမောက်ကြွား၊ ငွေစွမ်းအားဖြင့်
စီးပွားလူမှု၊ ဘာသာမှုကို
ယှဉ်းပြိုင်ပူဖောက်ပြန်၊ အတ္တထန်လျက်
ငါမာန်လူလူ၊ ငါကျိုးထူကြ
သူယုတ်မာများ၊ အဆိပ်လား....
နှုတ်ဖျားလည်းပြန့်၊ နှလုံးပြန့်နှင့်
အနှံ့ကိုယ်လုံး ဖြန့်၍ထား
ကြောက်ဖွယ်မဆုံး ရှိတော့သဗျား....။ ။

၀



## တေးဆိုနေသောရွာကလေး

* လေအဖြူးတွင်
ရွာဦးစေတီ၊ ဆည်းလည်းမြည်သည်
ချီကြည်စိမ့်မြ ညွတ်နူးရ....။

* ရွာဦးကျောင်းမှ
အုန်းမောင်းခေါက်သံ၊ ကြေးစည်သံလည်း
လွင့်ပျံ့အေးမြ ညွတ်နူးရ....။

* သာရကာကျေးငှက်
ကျူးမြွက်သံသာ၊ ဆန်းစုံစွာလည်း
ထံတျာကြည်မြ ညွတ်နူးရ....။

* ရွာ၏အလှ၊ ရွာ့လုံမများ
ခေါက်ကြ,ထူးကြ၊ စကားစနှင့်
ဘီကြ,ဆိုကြ၊ သီချင်းလှနှင့်
သွားကြသောသော လယ်ယာတော....။

* အားသစ်လျှံဝေ၊ ဦးကြီးတွေလည်း
ဆွေညီနွားပျို၊ ထွန်,ထယ်လျှိုလျက်
လေချိုသွေးရင်း လုပ်ခွင်ဆင်း....။

* အရှက်ဖြုန့်ကျင်း၊ နံနက်ခင်းတွင်
ရင်တွင်းကြည်မြ၊ ချမ်းမြေ့ရပေါ့
ဘာဝပီပြင်၊ လှကြည်လင်နှင့်
သံစဉ်ငြိမ့်အေး၊ လေဝယ်သွေးသည်
တေးဆိုနေသော ရွာကလေး....။ ။

○

❋ ရွာ၏အလှ၊ ရွာ့လုံမများ
ခေါ်ကြ၊ ထူးကြ၊ စကားစနှင့်
သီကြ၊ ဆိုကြ၊ သီချင်းလှနှင့်
သွားကြသောသော လယ်ယာတော....။

❋ အားသစ်လျှံဝေ၊ ဦးကြီးတွေလည်း
ဆွေညီနွှားပျို၊ ထွန်ထယ်လျှိုလျက်
လေချိုသွေးရင်း လုပ်ခွင်ဆင်း....။

❋ အရုဏ်ဖြန့်ကျင်း၊ နံနက်ခင်းတွင်
ရင်တွင်းကြည်မြ၊ ချမ်းမြေ့ရပေါ့
ဘဝပီပြင်၊ လှကြည်လင်နှင့်
သံစဉ်ငြိမ့်အေး၊ လေဝယ်သွေးသည်
တေးဆိုနေသော ရွာကလေး....။ ။

○

## ဦးနှောက်မဲ့လူသား

* ချီးမွမ်းကြည့်သော်
ပီတိလွှမ်းပတ်၊ အောက်ခြေလွတ်၏....။

* နှိမ့်ချပြန်မူ
ငြူစူစိတ်ကွက်၊ ဒေါသထွက်၏....။

* ဟန့်တားခြောက်က
ကြောက်စိတ်ဝင်ရာ၊ နောက်ဆုတ်လှာ၏...

* မြှောက်အပေးတွင်
သွေးနားထင်မြင့်၊ ငါမာန်ဝင့်၏....။

* ဝန်းကျင်သဘော
စောကြောမမြင်၊ ဟုတ်လိမ့်ထင်မှ
အသစ်လူဖြစ်ရှုံးလေပြီ....။ ။

## လှပသော အကျည်းတန်သူ

* မိဂုဏ်ဖဂုဏ်၊ ဆွေမျိုးဂုဏ်
ပြည့်စုံရဲ့ သူ့အလှ....။

* စည်းစိမ်ဥစ္စာ၊ ငွေသပြာ
ဖြာဖြာပြည့်ဝ သူ့အလှ....။

* သိပ္ပံဝိဇ္ဇာ၊ မြတ်ပညာ
ထူးစွာချွန်မြ သူ့အလှ....။

* ဆင်းလက္ခဏာ၊ အင်္ဂါဖြာ
စုံစွာပြည့်ဝ သူ့အလှ....။

* သို့ကြောင်းချင်းရာ၊ ဂုဏ်မြောက်ပါလည်း
လူလာဖြစ်ရ၊ သောခဏတွင်
ခြေချမှီကိုး၊ ပြည်ရွာကျိုးကို
မပိုးမရွက်၊ ဝန်ပျက်ကွက်မို့
"နှစ်သက်ကြည်မြ၊ သူ့အလှ"...,ဟု
ဘဝအမြင်၊ ကြွမလွှင့်မြို့
သူလျှင် အကျည်းတန်တော့တကား....။ ။

# အားကစားမှသည်

※ ဆောင်းနှင်းဓာတ်လျှင်
လှမ်းပတ်သိုင်းခြုံ၊ ခိုက်ခိုက်တုန်၏
မီးလှုံသော်လည်း မနွေးထွေး
နွေးထည်ရုံလည်း စိမ့်စိမ့်အေး....။

※ အအေးဒဏ်ကို
တွန်းလှန်နိုင်မှု၊ ကြံ့ဆပြု၍
ရှုံးစုပျော်ရွှင်၊ နွဲ့ဆင်ယင်သည်
မာန်ဝင်လှုပ်ရှား အားကစား ....။

※ အားကစားမှ
ကိုယ်အားကိုးတယ်၊ သိမ္မန်မြတ်တည့်
စိတ်ဓာတ်ပေါက်ဖွား စေပါသည်....။

❋ အားကစားမှ
သွေးသားနိုးကာ၊ စိတ်ကြည်သာ၍
ကျန်းမာဖွံ့ဖြိုး စေပါသည်....။

❋ အားကစားမှ
လုပ်ရှားသူငါ၊ ဝန်းကျင်လွှာနှင့်
ညီညာရင်းနှီး စေပါသည်....။

❋ ဆောင်းအအေးဒဏ်
တွန်းလှန်လှုပ်ရှား၊ အားကစားလျှင်
လုပ်သားပြည်သူ၊ ဟူဟူသမျှ
ဘဝတိုးတက်၊ သိရင့်ကျက်ကာ
လူ့ရွာအလှ ဖြစ်စေတကား....။ ။

မြဝတီ
၁၉၇၁-ဒီဇင်ဘာ။

○



မကျန်ရစ်လိုသော ခြေရာလေးများ

* ငှက်ကလေးများ ပျံသွားရင်....
နားခိုရာ ကိုင်းခက်လေးတို့
ဆွေးကျန်မြဲပင်....။
ချစ်ကလေး သည်အသွင်
ပြိုချပ်ပါနဲ့နော့....။
သည်းမြေ့ကျင် မောင့်စိတ်တွေးလို့
ဆွေးချင်ဘူးပေါ့....။ ။



● ကျန်ရစ်လိုသော ခြေရာလေးများ

* ငှက်ကလေးများ ပျံသွားရင်....
နားခိုရာ ကိုင်းခက်လေးတို့
ဆွေးကျန်မြဲပင်.... ။
ချစ်ကလေး သည်အသွင်
ပြုံချပ်ပါနဲ့နော်.... ။
သည်းမြေ့ကျင့် မောင့်စိတ်တွေးလို့
ဆွေးချင်ဘူးပေါ့.... ။ ။

❋ ရှေ့ကလေးများ လွင့်သွားရင်
မြရေပြင် ဂယက်ပန်းတို့
လှမ်းကျန်မြဲပင်....။
ချစ်ကလေး သည်အသွင်
ပြုံချင်ပါနဲ့နော့....။
သည်းမြေ့ကျင် မောင့်စိတ်ကျွမ်းလို့
လှမ်းချင်ဘူးပေါ့....။

❋ လေညှင်းကလေးများ တိုးသွားရင်
ပွင့်ပန်းလှာ ဘယ်ညာလူးလို့
ရှူးကျန်မြဲပင်....။
ချစ်ကလေး သည်အသွင်
ပြုံချင်ပါနဲ့နော့....။
သည်းမြေ့ကျင် မောင့်စိတ်ကူးလို့
ရှူးချင်ဘူးပေါ့....။ ။

○

# အချစ်ကို ကိုးကွယ်ခြင်း

❋ တရားသိပေမယ့်
မှားမိတော့ မဆုတ်သာ....။

❋ ပြုံပြုံသမျှ
အနုသယက
သမုဒယ ရစ်လာတဲ့
ချစ်ဝေဒနာ....။

❋ စေတသိက်မှာ
ဖြေသိပ်လှာ မရ....။

❋ အသည်းလမ်းခရီးမှာ
အစွဲအလမ်းကြီးသူ အရှုံးသမားရယ်မို့
အမုန်းတရားကို ရင်မှာမပိုက်ချင်တော့
နှလုံးသားအလို လိုက်လိုက်ပြီး
(ကျုပ်မှာလေ....)မိုက်ရသဗျာ့....။ ။

○

## တိုက်ပွဲ

❋ အားမာန်မကုန်၊ ချိန်မကုန်ဘဲ
ရေစုန်ကိုတွေ၊ ပျော်မွေ့မွေ့ဖြင့်
ချမ်းမြေ့ကြည်သာ၊ စုန်ဆင်းလာခဲ့
စိတ်မှာကြည်နူးနေပါသည်....။

❋ ရေဆန်တွေ့ပြီ
ချမ်းမြေ့ဖွယ်ရာ၊ မရှိပါတော့
ကြုံလာရပြေး၊ ခက်ခဲများလျှင်
အားမာန်လျှော့နည်း စေမြန်ပြီ....။

❋ အို....လှေသမား–ငဲ့
အားမာန်မကုန်၊ ချိန်မကုန်ဘဲ
ရေစုန်ကိုတွေ၊ ပျော်မွေ့မွေ့ဖြင့်
ချမ်းမြေ့သန္တန်၊ စုန်ဆင်းဟန်သို့
ရေဆန်တွေ့လည်း၊ ခက်အခဲကို
နွဲ့ဆင်ရင်ဆိုင်၊ လှော်ခတ်နိုင်မှ
ပန်းတိုင်ရောက်လိမ့်မည်တကား–။ ။

ချိုတေးရှင်
၁၉၇၀–ဒီဇင်ဘာ။



## ပင်ကို

❋ ပြုံးချိုချိုနော၊ ပြောတော့မည့်နှယ်
ကျီစယ်ဟန်ပြ၊ ကြွရရွှဖြင့်
လှုပန္နဲ့လှုပ်၊ မင်းသားရုပ်
အဟုတ်တကယ် ချစ်မက်ဖွယ်....။

❋ ခြေသံပြင်းပြင်း၊ ဆောင့်နင်းခုန်ပေါက်
မျက်ထောက်စွယ်ပြူး၊ မာန်ဟူးဟူးဖြင့်
ထူးခြားခက်ထန်၊ ဘီလူးဟန်
အမှန်တကယ် ကြောက်မက်ဖွယ်....။

❋ အနုပညာ၊ ဝေဒနာဖြင့်
တူစွာဖော်ထုတ်၊ မူရာလုပ်သည့်
ရုပ်သေးစွမ်းရည်၊ အံ့ချီးကြည်ဖြ
ရသအနှစ်၊ ခံစားဖြစ်ခဲ့
သည္ဓျွန်းနှစ်ဆွဲဆောင် ညို့လေ၏....။

❋ ဩော်....ဇာတ်အိမ်တည်ခိုက်၊ ဖိုလှိုက်ရင်သိမ့်
အေးငြိမ့်ဆိုထို၊ ကြုပ်တီလျှင်
ခင်းသည့်သဘင်၊ ပွဲစဉ်အပြီး
ကြီးလည်းဖြေချ၊ ထိုခဏ၌
ကခဲ့ရုပ်သေး၊ ခွေခေါက်ကွေးကို
ပြေး၍မြင်ရ၊ လျောမြေကျမှီ
အလှမ္မူသည်၊ ကြည်ဖွယ်တကား
ဘဝဟူသည် ဤနှယ်တကား....။ ။



## မြန်မာ့မင်္ဂလာ ဆိုင်းမဟာ

❋ မြန်မာ့လူ့ဘုံ
အရှေ့ထက်မြန့်ကျွင်း၊ နံ့နက်ခဝီးလည်း
ရောင်းသိစဉ်၊ နွားဝယ်ယဉ်တည့်....။

❋ ဒါနအလှူ
ကုသိုလ်ယူကြ၊ ပဗ္ဗဇ္ဇလည်း
စိမ့်မြမြေဘြာစည်၊ နွားဝယ်ကြည်တည့်... ။

❋ စင်တင်အဖွင့်
ရှေးနှင့်ယခု၊ သဘင်မှုလည်း
ပတ်ထုသံခြိမ့်၊ နွားဝယ်စိမ့်တည့်....။

* ကြေး၊ ကြိုး၊ သားရေ
လေ့လက်ခုပ်ဟန်၊ အခြေခံသော
မြန်မာမှုတွင်၊ ကိုယ့်သံစဉ်ကား
ဆွဲငင်ပြည့်ဝ၊ နှစ်ရသ....။

* ပြောင်ပြောင်ဝင်းလျှံ
မှန်စီရွှေချ၊ နယားကအညို
ခလှုပထည်ဝါ၊ ဆိုင်းမဟာလျှင်
ကမ္ဘာပေါ်တွင်၊ ဂုဏ်မြောက်ထင်ရှား
ပြင်ဆင့်ရသ၊ ထူးခြားလှမို့
မြန်မာ့မင်္ဂလာ၊ ဆိုင်းမဟာတွက်
ကျွမ်းလာညွန်းမိ စာကဗျာ
ဝမ်းသာလှန်းဘိ ငါ့မြန်မာ....။ ။

၆

## မေတ္တာရေဆန်ခက်သူ

❋ ကိုယ်တစ်လှမ်းလည်း
နှစ်လှမ်းရောက်စေ၊ ဆန္ဒခြွေလျက်....။

❋ ကိုယ်တစ်ဆင့်လည်း
နှစ်ဆင့်မြှင့်စေ၊ ဆန္ဒခြွေလျက်....။

❋ ကိုယ်တစ်ပွင့်လည်း
နှစ်ပွင့်ပြိုင်စေ၊ ဆန္ဒခြွေလျက်....။

❋ ရင်မှမေတ္တာ၊ ဝေဒနာဖြင့်
ပညာလူမှု၊ အစုစု၌
လူ့အောက်မကျ၊ ကိုယ့်ထက်လှဲ့ရန်
ဆန္ဒအားမာန်၊ ထိုနှစ်တန်ကို
သိညာဏ်လောင်းကာ၊ ပျိုးထော့င်ပါသည်
ဘယ်မှာ မောဈ် မရှိပြီ....။

❋ ကြွေ....စီးဆင်းစုန်ရေ၊ အားကောင်းနေစဉ်
ဆန်ရေမိဘ၊ ကြီးစွမေတ္တာ
ရင်မှာသိပြီ၊ အမြင်ကြည်လည်း
မာန်ချီဝင့်လျက်၊ ဆန်ရခက်မို့
ပင့်သက်ချရ လေတကား....   ။ ။

❋

## အညာကျေးလက်နှစ်ကူးပွဲ

❋ ပုရစ်အဖူး
တစ်နှစ်ကူးမြောက်၊ မိုးနံ့ရောက်၍
ပိတောက်ဝါဝါ၊ တမာဖြူဖြူ
သင်းကြူကြူလန်း၊ အလှဆန်း၏....။

❋ အဘိုး အဘွား၊ သက်ကြီးများလည်း
တရားစည်ညောင်း၊ ရွာဦးကျောင်းသို့
ကျင့်ကောင်းသီလ၊ ဆောက်တည်ကြရန်
သွားကြသဲသဲ၊ လန်းရွှင်ကဲ၏....။

❋ ကျောင်းတွင်း ဇရပ်၊ ပြည့်စည်ကြပ်နှင့်
ရပ်လေးမျက်နှာ၊ လူမဟာလည်း
စားပါ သောက်ပါ၊ ဖော်ဧရွှာဖြင့်
ရွာသား စေတနာ၊ ဖြန့်ဝေကာတည့်...။

❋ ဒိုးပတ်အိုးစည်၊ လူငယ်ညီ၍
သီသံ ဆိုသံ၊ က ခုန်သံလည်း
မိုးယံသို့တိုင်၊ ပွဲတင်လှိုင်၏....။

❋ ဩော် ... မြန်မာ့ဓလေ့၊ ရိုးသိမ်မွေ့နှင့်
ချမ်းမြေ့ကြည်စွာ၊ ဆင်နွှဲပါကြ
အညာကျေးလက်နှစ်ကူးပွဲ
အတာအေးရက်သစ်ထူးမြဲ...။ ။

❋

## တော်လှန်ခြင်း ရသ

❋ နှင်းယှုန်းမာသ၊ နွေလအကူး
လေရူးလူပ်ရှား၊ ကြွယ်မှုန်ဝါး ည
ပြောက်ကျားတစ်စု၊ အမှောင်ထုတွင်း
တိုးညင်းတိုင်ပင်၊ လက်တွင်သေနတ်
တင်းကျပ်ကိုင်လျက်၊ အားမာန်တက်ကြွ
ဖက်ဆစ်စခန်း၊ တိုက်ခိုက်လုမ်းသည်
စိတ်ဝမ်းလှိုက်လှိုက်ရင်ခုန်ခုန်....။

❋ အို.... ရှုတ်တရက်၊ ချောင်းမြောင်းတက်စဉ်
ဖက်ဆစ်ကင်းနှင့်၊ ပက်ပင်းရင်ဆိုင်
မြိုင်ညို့တောတန်း၊ ယမ်းငွေ့လူလူ
ဆူညံတိုက်ပွဲ၊ မြေတော်လဲသို့
စဲချိန်တွင်ကား၊ ပြောက်ကျားအချို့
မြေသို့သက်ကျ၊ စတေးရမင့်
ဆပေါင်းများစွာ၊ အင်အားသာရစ်
ဖက်ဆစ်စခန်း၊ သွေးညှိလွှမ်းပြီ
ဥဒါန်းတွင်သော သစ္စာတည်း....။



* နှင်းယှန်းခါ၀ါ၊ နှေမသာသချည်း
ကိုယ့်နည်းကိုယ့်ဟန်၊ တော်လှန်တိုက်ပွဲ
ပြည်ထဲအဝှမ်း၊ အားမာန်လျှမ်း၍
အောင်ပန်းဆင်ကြောင်း၊ တပေါင်းလမြတ်
မတ်ဂုလနှစ်ဆယ့်ရှန်၊ သက်သေခံသည်
အောင်လံနီရင့် ကြယ်ဖြူပွင့်
မြန်မာ့လေဝယ် တလွှင့်လွှင့်....။ ။

# အို…. လူသား

※ အို့ လူသား
လှုပ်ရှားလျက်နေ၊ သင်မသေခင်
ဤမြေပြည်ရွာ၊ ဘဝတာတွက်
သင့်မှာ ဘယ်ဝန် ကျေသနည်း ….။

※ ငှက်ငယ်များလည်း
အားမာန်နိုးကြွ၊ စွမ်းရည်ပြ၍
ဘဝတိုက်ပွဲဝင်လေပြီ….။

※ သစ်ပင်တို့လည်း
စို့ညှောက်ညွန့်ထွက်၊ ရှန်းကန်လျက်ဖြင့်
ခက်လက်ဖူးငုံဖြိုင် ဖူးငုံလေပြီ…. ။

※ ချိန်ရာသီလည်း
လှည့်လည်ညွှန်ပြ၊ ဤလောကတွက်
နွေမှ မိုးဆောင်း ပြောင်းလေပြီ…,။

※ သင်လူသားလည်း
မြေသားကမ္ဘာ၊ ဤလူ့ရွာနှင့်
ဘာသာ၊ လူမျိုး၊ သင့်ကောင်းကျိုးထည့်
နိုးကြွအားမာန်၊ အကြံဉာဏ်ဖြင့်
သန့်ရာရာမှ၊ စွမ်းရည်ပြလျက်
အလှဖန်တီးသင့်ပြီတကား….။ ။

ငွေတာရီ
၁၉၇၁-နိုဝင်ဘာ။

## မနော တစ်ချို

※ ဆိုင်အောက်အရိုး၊ အရဲကိုး၍
ဆွဲခိုးကိုက်ဝါး၊ ခွေးပိန်အား
မြင်သွားသွက်သွက်၊ ဆိုင်ရှင့်လက်သည်
ခွေးဇက်ပိုင်းပြီး ဖြစ်လေပြီ.
'သူခိုး ခွေးယုတ် သေထိုက်သည်' ....တဲ့....

※ လိုရမှက်ဖြာ၊ တစ်မျက်နှာဖြင့်
ဝယ်လာသူအား၊ ဉာဏ်လှည့်စားလျက်
အသားရေထိုး၊ အလေးခိုးနှင့်
တန်ဖိုးဆောင်းထပ်၊ လောဘကပ်ကာ
အမြတ်တင်စီး ရောင်းလေသော်
'ရှာဖွေတော်၏' ဆိုပြန်သနော်....။

## ပန်းတိုင်အတွက်

* သူတို့ပြည်ကား
စားမှုသောက်ဖွယ်၊ ကြွယ်ဝဘိခြင်း
ဝတ်စားဖုံဖုံ၊ ကုံလုံဘိခြင်း
နေပြောတိုက်တာ၊ ထည်ဝါဘိခြင်း....။

* သူ့ပြည်သာခြင်း၊ ကောင်းသတင်းကြောင့်
မှိုတင်းနေလို၊ သွားလိုဆန္ဒ
အားကျစိတ်စောနေမည်လား....။

* ကိုယ့်မြေပြည်လျှင်၊ မစည်ပင်သေး
စည်ပင်စေမှု၊ လုံ့လပြုကာ
သူ့ဝန် ကိုယ့်ဝန် ကျေမည်လား....။

* သူများအိမ်သည်
ကိုယ့်အိမ်ပုံဆောင်း၊ ဘယ်မှာကောင်းလိမ့်
ကျိုးကြောင်းဆင်ခြင် စဉ်းစားလေ
ကိုယ့်စိတ်ကိုယ်ပျိုး အားကိုးဆွေ .။ ။

---

## ဘေအိုင်ဒီအက်စ်(သို့)စီးပွားရေးရောဂါ

- ❊ မှန်ရာမတွေး၊ သန်ရာတွေး၍
  မှန်ရာမကြည့်၊ သန်ရာဖိ၍
  မှန်ရာမကိုက်၊ သန်ရာလိုက်၍ ။

- ❊ ငွေစွမ်း ငါစွမ်း၊ ဆန္ဒလမ်းကို
  ငမ်းငမ်းတက်ကြွ၊ ဖြည့်ဆည်းကြရာ
  ကာလသားရောဂါ၊ ကုရာနတ္ထိ
  ချိနဲ့ ချိနဲ့၊ တယဲ့ယဲ့ဖြင့်
  ဖွဲ့နှင်းဖျက်ခွဲ၊ ဧအအိုင်ဒီအက်စ်
  နှိပ်စက်ရန်ပြု၊ ခုခံမှု၏
  စုစည်းစွမ်းအား၊ ဝါးမျိုသွားပြီ
  လူသားတစ်ဦး ဆုံးရှုံးခန်း....။

❋ မှန်ရာမတွေး၊ သန်ရာတွေး၍
မှန်ရာမကြည့်၊ သန်ရာကြည့်၍
မှန်ရာမကိုက်၊ သန်ရာကိုက်၍....။

❋ ကိုယ်ကျိုးနေ၊ စွန်းအတ္တဖြင့်
ဗိုဇ မျိုးရိုး၊ ပယ်ဖျက်ချိုးကာ
လူမျိုးမခင်၊ တိုင်းပြည်ကြင်နှင့်
ယဉ်ကျေးမှုနှစ်၊ သွေဖယ်ပစ်ကြ
တွယ်ချစ်စီးပွား၊ တစ်လမ်းသွား၏
အမှားထောင်ရာ၊ ခေတ်ရောဂါဆိုး
ငြိကာကပ်နေ၊ အေအိုင်ဒီအက်စ်
နှိပ်စက်ရန်ပြု၊ ခုခံစွမ်းအား
ဝါးမျိုသည်ထက်၊ ဆိုးကျိုးသက်မည်
မျိုးပျက်, ပြည်နောက် ဆုံးရှုံးခန်း....။ ။

## "ခွင့်လွှတ်တတ်တဲ့အမေသို့"

❋ အမေက ဆူပူ
ငြူစူမိ စိတ်ထဲ....။

❋ အချုပ်အချယ် မခံကြေးပေါ့
မကျေးရင်းအိမ်က ဆင်းလို့
တင်းလိုက်မှာပဲ....။

❋ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံ
ကြုံဖန်ကာ နေမှာပဲ....။

❋ ကိုယ့်ဘဝ ကိုယ့်အထင်နဲ့
လူ့ဝန်းကျင် - ကျင်လည်မိမှ
အသိအမြင် မကြည်မွေ့တော့
တွေ့ပေါ့ခက်ခဲ....။

❋ အခက်အခဲမျိုးစုံစွာ
ကျော်လွှားကာ ရှုန်းသော်လဲ....။

❋ ဘဝမှူမမှန်လို့
မင်းပြစ်ဒဏ် နှောင်ခတ်သွင်းတယ်
ဆင်းခဲ့ ထောင်ထဲ....။

❋ အကျဉ်းထောင် အမှောင်ရောက်မှ
ချင့်ထောက်မိ စိတ်မှာ....။

❋ အလိုမကျရင် ဆူပူလေ့တဲ့
ရှေ့ရေးရာ တွေးမြှော်ချင့်
မိခင့်မေတ္တာ....။

❋ ချုပ်ချယ်တယ် အထင်ရောက်လို့
ကောက်ကြောင်း လွဲကာ
ကိုယ်ထင်ရာ လှမ်းလေလဲ....။

❋ ဥပဒေခြေချုပ်မှ
သရုပ်သဏ္ဍာန်နဲ့
အမှား, အမှန်, အမြင်, အသိကိုလ
ချင့်မိကာ နောင်တနှောင်းလေတဲ့
သားဖြစ်သူ ဆယ်လက်ချောင်းနဲ့
ပျော့ပျောင်းစွာ ဦးနှိမ်ညွတ်တယ်
(အမေ့မှာကွယ်....) ခွင့်လွှတ်အမြဲ....။ ။

မြစ်မှူ
၁၉၇၁ - စက်တင်ဘာ။

●

# ပြည်ထောင်စု တည်တံ့ခိုင်မြဲအောင် တို့စွမ်းဆောင်

(ကဗျာရှည်)

(က)

❊ ''သည်မြေမှာ ဖွား
ဆွေသားနေဝင်ညီ၊ အောင်တေးသီ၍
ပီတိချစ်ခြင်း၊ နှင်းဘိသစ္စာ
မေတ္တာထုံမွှမ်း၊ ကြင်နာလွှမ်းလျက်
ရှမ်း ချင်း ကချင်၊ ကရင် မွန် မြန်မာ
ညီညာပေါင်းပြုံ၊ ပြည်ထောင်စုကြီး
စုစည်းကျစ်လျစ်၊ အားမာန်ဖြစ်က
တည်ရစ်ရှည်ကြာ၊ ဤကမ္ဘာငယ်
ဘယ်မှာ ကျွန်တွင်း ပြန်နစ်လတ္တံ့
အဘိုး သေချာ ဆိုရင်အံ့''....။

❊ အတွေးလေမြည်၊ ဆွေးဝေရီဖြင့်
ရွှေပြည်အလွမ်း၊ ဖြေဆည်မှန်းသော်
ဝန်းသိုစော်ဘွား၊ ပီတိပွားနှင့်
မိန့်သွားခဲ့အင်၊ စကားစဉ်ကို
ပဲ့တင်ကြားလျက်၊ စိတ်ကွန်ယက်
ဖြန့်ကျက်နေမိ၊ အတိတ်ယောင်း
ခေတ်အဆက်ဆက် သမိုင်းကြောင်း....။

( ခ )

※ မွန်ဂိုခမာ၊ နွယ်ယှက်ကာဖြင့်
မြန်မာအစ၊ ထကောင်းကဟု
ဆိုကြပါရစ်၊ ပုဂံခေတ်တည့်
ကျစ်လျစ်ခိုင်မာ၊ ညီညွတ်စွာဖြင့်
ပြည်ရွာအလှ၊ တည်ဆောက်ကြ၍
ဗုဒ္ဓသာသနာ၊ ပြည့်အာဏာတို့
ရှိန်ဝါဖြိုးမောက်၊ နေသို့တောက်ခဲ့
စွမ်းမြောက်ထွန်းသစ် နေ့ဉ်ရထာ
"ပထမခေတ် ရွှေမြန်မာ" ....။

※ မင်းဆက်ဆက်စံ၊ ပြည်ပုဂံလျှင်
သံကိုသံဖျက်၊ သံချေးတက်သို့
မက်ကြအာဏာ၊ ဖြာကြကိုယ်ကျိုး
သရုပ်ဆိုးခဲ့
ကြိုးစဖြေပြီး၊ ပျက်ထင်းစည်းနှယ်
ကိုယ့်နည်းကိုယ်စွဲ၊ ညီမှုကွဲသော်
အားခဲဒရှေ့ဆောင်၊ ဘုရင့်နောင်ဟု
တောင်ငူရွှေထီး၊ မြေပုံပြီးက
စုစည်းညီညွတ်၊ အောင်ပန်းဆွတ်ပြန်
ထွန်းမြတ်ဝေဖြာ၊ သာသနာနှင့်
အာဏာလင်းလက် စည်ပင်စွာ
"ဒုတိယခေတ် ရွှေမြန်မာ" ....။

❋ ဘုန်းမိုးသွန်းရွာ
ရွှေမြန်မာဖြစ်၊ ဒုတိယခေတ်လည်း
လှသစ်ပျက်ယွင်း၊ ထီးဆောင်းမင်းတို့
သင်းကွဲဘဝ၊ စစ်ပြုကြမို့
သိယ်ရတနာ၊ အောင်မြေသာမှ
ဇာနည်နွယ်ဖွား၊ လောင်းဘုရားသည်
အားနှစ်ဖြာသုံး၊ ပြည့်စည်းလုံးအောင်
စည်းရုံးဆောင်ရွက်၊ ကုန်းဘောင်ဆက်
တက်နေဝန်းသို့ ထွန်းသစ်ဖြာ
"တတိယခေတ် ရွှေမြန်မာ"....။

❋ ရွှေမြန်မာလှ၊ တတိယတည့်
ကမ္ဘာ့အလယ်၊ ကိုယ့်နယ်ပယ်နှင့်
ကိုယ့်နွယ် ကိုယ့်မျိုး၊ ကိုယ့်အိုး ကိုယ့်စည်း
ကိုယ့်ထီး ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဟု
သိုက်ဝန်းညီညာ၊ လှရှန်းဖြာစဉ်....
မြန်မာဘုန်းမိုး၊ ဘမိုင်းညှိုးရန်
သိုးငယ်မြင်ဆဲ၊ ကျားစဉ်းလဲသို့
စိတ်မွဲညစ်ထူ၊ ကုလားဖြူတို့
ရန်မူသွေးရှူး၊ ကြိမ်ကြိမ်ကျူးခဲ့
ဝင့်မြူး ဒေါင်းလံ၊ ကုန်းဘောင်မာန်လျှင်
တင်းခံမရ၊ အားမမျှ၍
လျော့ကျကျွန်တွင်း နစ်ပြီတည်း
မြန်ပြည်ဝှမ်းလုံး ပြာဖုံး မီး....။

❋ နယ်ချဲ့လက်အောက်၊ ကျွန်သဘောက်ဖြစ်
ထီးပေါက်စည်ကျိုး၊ ကြမ္မာဆိုးသော်
ညှိုးလျော်နှလုံး၊ ကြိမ်မီးအုံးနှင့်
ထိုးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်း သုည
သုဉ်းသုံးဝဖြစ်၊ အမှောင်ခေတ်ကို
သဲနစ်အောင်နာ၊ ရွှေမြန်မာ တို့
အာဇာနည်စိတ်၊ ရဲရဲဖိတ်လျက်
အကြိတ်မာန်ကြွ၊ တွန်းလှန်ကြခဲ့
ဖခင်အောင်ဆန်း၊ ခင်းသောလမ်း၌
စိတ်ဝမ်းညီညီ၊ အားမာန်ပီ၍
ပြည်သူမွန်းနစ်၊ သူ့ကျွန်ဖြစ်မှ
ထွန်းသစ်ရှန်းဖြာ လွတ်လပ်လာ
'စတုတ္ထခေတ် ရွှေမြန်မာ'....။

❋ နယ်ချဲ့အောက်မှ
လွတ်မြောက်ခဲ့လှ၊ ရွှေမြန်မာ ဟု
ညီညာစိတ်ဝမ်း၊ အလှလွှမ်းရန်
အောင်ဆန်းဗိုလ်ချုပ်၊ စွမ်းရည်ထုတ်လည်း
စတုတ္ထခေတ်၊ မွဲစွန်းရစ်ပေ
ယုတ်ညစ်စွမ်းသူ၊ ကုလားဖြူတို့
ညက်ကူလှည့်ဖြား၊ သွေးခွဲခြား၍
ချစ်အားရှန်းဖိတ်၊ မျိုးနွယ်စိတ်တို့
တရိပ်ရိပ်ပြယ်၊ အတ္တတွယ်ကြ
သူ့နယ် ကိုယ့်ရပ်၊ ခွဲသတ်မှတ်ကြ

ပြဿနာစုံ၊ ရန်မီးခြုံကြ
ပင်လုံဖျက်နင်း၊ သိမ့်ကင်းစွာ
မင်းမဲ့စရိုက်၊ မှောင်နှစ်ခြိုက်မို့
ဖိုးထိုက်လှပေ၊ ထင်းစည်းပြေပြီ
သည်မြေ သည်ရပ်၊ ကျွန်တွင်းဆိ
တစ်ဖန်လှည့်ရေး ရှေ့ဦးတည်
ရှစ်ဆယ့်ရှစ်ကို သိကြမည် ..။

(၈)

※ ပြည်ထောင်စုအလံ၊ သည်ဝေယံဝယ်
မြူးပျံ့ဝင့်ဝင့်၊ ပဏာတင့်ရန်
မြင့်သောစိတ်ဓါတ်၊ မြတ်သောစိတ်မှန်
ရှိမာန်ဖိတ်ဖိတ်၊ မျိုးချစ်စိတ်တို့
ဦးထိပ်ပန်ထား၊ ပြည်သူ့သားတည့်
အားဆယ်ဖြာမျှော်၊ တပ်မတော်လျှင်
ချင့်ခမြာဆတွေး၊ သမိုင်းပေးဝန်
အကျိုးသွေးမြုပ်နှံ ထမ်းဆောင်ရွက်
ရွှေမြန်မာခေတ် သစ်ပြန်လျက် ...။
※ မညီညွတ်လတ်၊ စိတ်ဓါတ်ကွဲပြား
ရန်ပွားမိုက်မွေး၊ ပျက်စီးဘေးတည့်
စည်းဝေးညီညွတ်၊ အောင်ပန်းဆွတ်ရာ
တူလွတ်ချမ်းသာ၊ ဘေးကင်းကွာဟု
မြတ်စွာဘုရား၊ မိန့်ဟောကြားရာ

တရားအရှိ မျှားအသိ
ဇာတ်ဝတ္ထုတွေ စုံလှဘိ....။

❋ တစ်စ နှစ်စ၊ သုံး လေး စ
လျှော်စစုပေါင်း၊ ကြိုးတစ်ချောင်းသည်
အားကောင်းမာန်ကြ၊ ခိုင်ကျည်လှ၍
သုံးကြ စွဲကြ၊ နှစ်သက်ကြနှင့်
လောကအလယ် တင့်တယ်ဘိ
ညီညွတ်ခြင်း၏ ရလဒ်တည့်....။

❋ နွားချင်းအကွဲ၊ ကျားတင်းဆွဲသို့
မှားလွဲခဲ့ကြ၊ မညီကြ၍
ဒုက္ခနှင့်သီး၊ သောကမီးတို့
လျှံငြီးလောင်ရ၊ သာဓကနှင့်
ဘဝတွေ့ကြုံ၊ စုံဖြစ်ပျက်
'သမိုင်းလမ်းကြောင်း ခေတ်လေးဆက်'....။

(သ)

❋ အို....အတိတ်ဖြစ်ကြောင်း၊ သိသစ်လောင်း၍
တကောင်း ကုန်းဘောင်၊ သတီဆောင်လော့
ညီနောင်သားချင်း၊ ရည်ဆောင်အားနှင်း
သစ္စာခင်းကြ၊ ရှမ်း ချင်း ကချင်
ကရင် မွန် ဗမာ၊ ရွှေမြန်မာတည့်
ရေမှာမျှင်းသား၊ မရခြားသို့
သွေးသားမျိုးနွယ်၊ ရောယှက်သွယ်၏

သူ့နယ် ကိုယ့်ရပ်၊ မြင်မှားဖြတ်၍
မွန်မြတ်စိတ်ပွား၊ သည်မြေဖွားဟု
ရင်ကြားစေ့ကြ၊ ညီညွတ်မှလျှင်
ရန်စငြိမ်းကွယ်၊ ကမ္ဘာ့လယ်၌
တင့်တယ်ဘိခြင်း၊ ဂုဏ်သတင်းဖြင့်
ပျံ့သင်းလှစွာ၊ ရွှေမြန်မာ ဟု
စာမွန်ကမ္ပည်း တင်ပေချိမ့်
ပင်လုံစိတ်ဓါတ် မတ်ခိုင်လိမ့်....။

❊ ပြည်ထောင်စုအရေး၊ ဒို့အရေး-ဟု
အရေးသုံးပါး၊ ဦးထိပ်ထားလျက်
အမျိုးသားညီလာခံ၊ အခြေမှန်ဖြင့်
နိုင်ငံဖွဲ့စည်၊ ကမ္ဘာတည်ထိ
ချစ်ကြည်ညီညွတ်၊ အလှဓါတ်တို့
ရစ်ပတ်ဖွဲ့နှောင်၊ ဘာသာရောင်နှင့်
ဘုန်းရောင်လင်းဖြာ၊ ရွှေမြန်မာ ဟု
'ဝေဖြာရွှန်းသစ်၊ ပဋ္ဌမခေတ်ကို'
ညီချစ်နှောင်ရင်း ပေါ်ကျူးစို့
ပြည်သစ်အောင်ခြင်း ပျော်မြူးဖို့....။ ။

---

ပုဏ္ဏဝတီတင့်နှောင်း

---

○